
မိတ်ဆွေစာပေ

ရာဇဝင်သူရဲကောင်းပုံပြင်များ(၁)

# နတ်မြင်းသည် သူရဲကောင်းများ



မောင်မှိုင်းညို(ချောင်းဦး)

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ပထမအကြိမ် | ◆ ၂၀၁၄ မတ် လ |
| အုပ်ရေ | ◆ ၅၀၀ |
| တန်ဖိုး | ◆ 1500 |
| အဖုံးဒီဇိုင်း | ◆ ဦးကံကောင်း |
| ကွန်ပျူတာစာစီ | ◆ ချယ်ရီမေ (အင်းစိန်) |
| အတွင်းဖလင် | ◆ ADORN ၊ ၀၉-၄၅၀၀၁၇၃၃၂ |
| ထုတ်ဝေသူ | ◆ ဦးချစ်ညွန့် (၀၄၀၀၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံ | ◆ ဦးကျော်မင်းစိုး(မြ-၀၇၃၄၆)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆-လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာအုပ်တတ်တလောက်အညွှန်း" (CIP)

မောင်ညိုမှိုင်း

နတ်မြင်းသည်သူရဲကောင်း/ မောင်ညိုမှိုင်း။ -ရန်ကုန်၊

ဇင်ရတနာစာပေ

၁၃၆ - စာ ၁၀.၅ × ၁၆.၅ စင်တီ

(၁) နတ်မြင်းသည်သူရဲကောင်း /

ရာဇဝင်သူရဲကောင်းပုံပြင် - ၁

# နတ်မြင်းသည်သူရဲကောင်းများ

မောင်မှိုင်းညို့(ချောင်းဦး)

## မာတိကာ


၁။ နတ်မြင်းသည်သူ့ရဲ့ကောင်း ၄

- နတ်မြင်းသည်ရဲ့ ဘဝနိဒါန်း
- ကျွန်စစ်သားဖြေမိဘနစ်ပါး
- နတ်မြင်းသည်လေးဖော် ...
- နှိမ်နင်းခဲ့ အရည်းကြီးသာသနာ ...
- သထုံပြည်တိုက်ပွဲ
- ဂွမ်းပြန်သွားတဲ့ဂွမ်းစစ်သည်များ
- ကျွန်စစ်သားရဲ့သစ္စာ
- မျိုးဂုဏ်ထိန်းတဲ့နတ်မြင်းသည်

၂။ စစ်ဘုရင်တပင်ရွှေထီး ၄၁

- ဘုန်းကံရှင်မင်းတရားရွှေထီး
- သူ့ရဲ့ကောင်းရွေးတဲ့ပွဲ
- ရန်ဘူ့မြေသို့
- ဟံသာဝတီစစ်မြေပြင်မှာ

၃။ နောင်ရိုးသူ့ရဲကောင်း ၆၅
- နောင်ရိုးတိုက်ပွဲ
- ယိုးဒယားကို အောင်နိုင်ခြင်း
- ဘုရင့်နောင်ရဲ့သစ္စာတရား
- လုပ်ကြံခံရတဲ့ မင်းတရားရွှေထီး
- အယုဒ္ဓယတိုက်ပွဲ
၄။ သူ့ကျွန်မခံစစ်သူကြီး ၉၈
- မြန်မာ့သားကောင်းရတနာ
- မောင်ရစ်ဖေ၏ရဲစွမ်းသတ္တိ
- မဏိပူရတိုက်ပွဲ
- မဟာဗန္ဓုလနှင့်သမိုင်းဝင်တိုက်ပွဲများ
- သူ့ကျွန်မခံစစ်သူကြီး
- မဟာဗန္ဓုလ၏နောက်ဆုံးတိုက်ပွဲ

# နတ်မြင်းသည် သူရဲကောင်း

## နတ်မြင်းသည်ရဲ့ ဘဝနိဒါန်း

ကလေးတို့ရေ …

နတ်မြင်းသည် သူရဲကောင်းကြီးဟာ ရဲရင့်တဲ့ သူရသတ္တိ ရှိတယ်ကွယ့် …

ဆင်းစီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုးနှင့် စစ်နည်းဗျူဟာမှာ လည်း လူမဟုတ်၊ နတ်စစ်သည်လို့ ပြောရလောက်အောင် လက်ရုံး ရည်နှင့် ပြည့်စုံသတဲ့။

ပြီးတော့ …

ပညာဉာဏ် အမြော်အမြင်ကြီးမားသူ၊ အမျိုးဘာသာ သာ သနာကို စောင့်ရှောက်တတ်သူလည်း ဖြစ်တယ်ကွယ့်။

ဒီလို လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံတဲ့ နတ်မြင်းသည် သူရဲကောင်းကြီးဟာ ကလေးတို့နေထိုင်တဲ့ ဟောဒီမြန်မာနိုင်ငံ ကြီးမှာ ပေါ်ထွန်းခဲ့တာကွယ့် …

သူ့နာမည်ကို ကလေးတို့ ကြားဖူးကြတယ်။ သိလည်း သိကြတယ်။

သူ့မှာ ငထွေးရှူး၊ လုံးလက်ဖယ်နှင့် ညောင်ဦးဘီးဆိုတဲ့ သူရဲကောင်းမိတ်ဆွေတွေလည်းရှိတယ်လေ။

ဦးဦး ဒီလောက်ပြောရင် နတ်မြင်းသည် သူရဲကောင်းကြီးရဲ့ အမည်ကို ကလေးတို့ သိကြပြီမဟုတ်လား ...

ကလေးတို့ထင်တဲ့အတိုင်းပါပဲ။

သူ့နာမည်က ကျန်စစ်သားတဲ့။

နတ်မြင်းသည် သူရဲကောင်းကြီး ကျန်စစ်သားပေါ့ကွယ်။

ပုဂံပြည်မှာ အနော်ရထာမင်းအုပ်စိုးနေတုန်း၊ တစ်နေ့မှာ မြေလျှင်ကြီးအပြင်းအထန်လှုပ်သတဲ့။

"ဘာအကြောင်းကြောင့်၊ မြေလျှင်ကြီးပြင်းစွာလှုပ်ရတာ လည်း ..."

အနော်ရထာမင်းက ပညာရှိမှူးမတ်တွေကို မေးပါရော ...၊

"ရှင်ဘုရင်ဖြစ်မယ့်သူ၊ မြောက်အရပ်မှာ ပဋိသန္ဓေရှိနေ လို့ပါ..."လို့ မှူးမတ်တွေက လျှောက်တင်ကြတယ်။

အဲဒီခေတ်ကာလတုန်းက ရှင်ဘုရင်ကိုသတ်နိုင်ရင် ရှင်ဘုရင် ဖြစ်တဲ့ ခေတ်ကာလကိုးကွယ့် ...

အနော်ရထာမင်းလည်း သူ့ကိုသတ်မည့်သူ ပေါ်လာတော့မယ်လို့ တွေးတယ်။

မြောက်အရပ်က ပင့်သဓေ္ဓရှိနေတဲ့ မိန်းမတွေကို စစ်ပြီး သတ်ခိုင်းတယ်။

ဒါပေမယ့်၊ ကျန်စစ်သားက ဘုန်းတန်ခိုးကြီးသူမို့ သူ့မယ်တော်ကို နဂါးလုလင်က ဝှက်ထားလို့ မသေဘဲလွတ်သွားတယ် ကွယ့် ...

အနော်ရထာမင်းက သူ့ရဲ့မှူးမတ်တွေကို "သေပြီလော..." လို့ မေးတယ်။

"မသေသေးပါ၊ အမိဝမ်းကဖွားပြီးပါပြီ" လို့ လျှောက်ကြပြန်ရော ...

ရှင်ဘုရင်ကလည်း နို့စို့သူငယ် ပုခက်တွင်းအရွယ်တွေကို စစ်ပြီးသတ်ခိုင်းပြန်ရော ...

ဒီတစ်ကြိမ်မှာလည်း နဂါးလုလင်က ဝှက်ထားလို့ကျန်စစ်သား မသေပြန်ဘူးတဲ့။

ဒီလိုနှင့် ကျန်စစ်သားဟာ ကျောင်းသားအရွယ်ရောက်လာတယ်။

မိတ်ဆွေစာပေ

ရှင်ဘုရင်က နွားကျောင်းသားအရွယ်တွေစစ်ပြီးသတ်ခိုင်း ပြန်တယ်။

ကျွန်စစ်သားလည်း နဂါးလုလင်ရဲ့ကျေးဇူးကြောင့် အသက် မခံရဘဲ လွတ်သွားပြန်သတဲ့။

ဒီလိုစစ်ကြောတိုင်းမှာ လွတ်သွားတာကို အကြောင်းပြုပြီး "ကျွန်စစ်သား"ဆိုတဲ့ အမည်ကို အနော်ရထာမင်းက ပေးခဲ့ တယ်လို့ ပုဂံရွှေစည်းခုံဘုရားသမိုင်းမှာ ဖော်ပြထားတယ်ကွယ့်...

အနော်ရထာမင်း နောက်ဆုံးအကြိမ်မေးချိန်မှာ ကျွန်စစ်သား က ရဟန်းပြုနေပြီကွယ့် ...

ပညာရှိမှူးမတ်တွေကလည်း "ရဟန်းပြုနေပါပြီ" လို့ ပြော တယ်။

"ဆွမ်းပင့်၍ ကျွေးတော်မူပြီး ကရားနှင့်ရေတိုက်တော်မူလျှင် ရှင်ဘုရင်ဖြစ်မယ့်သူခံတွင်းက စက်ပြောင်ပြောင် အရောင်ထွက် မည်"လို့ လျှောက်တင်ကြသတဲ့။

အနော်ရထာမင်းလည်း ရဟန်းအပေါင်းကို အစဉ်အတိုင်းပင့် ပြီး ဆွမ်းကျွေးတယ်။

တစ်နေ့မှာ ကျွန်စစ်သားကိုပင့်ပြီး ဆွမ်းကျွေးမိတယ်ကွယ့် ...

ဆွမ်းဘုန်းပေးပြီး ကာရားနှင့် ရေတိုက်တော်မူတယ်။

ကျန်စစ်သားရဲ့ခံတွင်းက စက်ပြောင်ပြောင် အရောင်ထွက်တာမြင်တော့ အနော်ရထာမင်းလန့်သွားပါလေရော။

"ငါ့ရဲ့ထီးနန်းစည်းစိမ်ကို လုမည့်သူလော ..."လို့ မှူးမတ်တွေကို မေးတယ်။

"အရှင်မင်းကြီး နောက်မင်းတစ်ဆက်လွန်မှ ရှင်ဘုရင်ဖြစ်မှာပါ"လို့ ပညာရှိတွေက လျှောက်တင်ကြတယ်ကွယ့်။

အနော်ရထာမင်းလည်း နောင်တရသွားတယ်။

"သင်တို့ ဒီစကားကို ယခုမှလျှောက်တယ်။ ငါ့စည်းစိမ်ကို လုလိမ့်မည်ထင်၍ များစွာသောသူတို့ကို ငါသတ်မိသည်"လို့ ဝမ်းနည်းစကားဆိုသတဲ့။

ပြီးတော့ ...

ကျန်စစ်သားကို လူဝတ်လဲစေပြီး သူ့အပါးမှာ ခစားစေတယ်ကွယ့် ...

ကျန်စစ်သားလို့လည်း အမည်ပေးပြီး ခေါ်တော်မူသတဲ့ ကလေးတို့ရေ ...။

ပိတ်ဆွေစာပေ

# နတ်မြင်းသည် သူရဲကောင်း



မိတ်ဆွေစာပေ

## ကျွန်စစ်သားရဲ့ မိဘနှစ်ပါး

ကလေးတို့ရေ ...

ကျွန်စစ်သားရဲ့ မိဘနှစ်ပါးကို မသိချင်ကြဘူးလား၊ ဦးဦး ပြောပြရင် ကလေးတို့ အံ့ဩသွားမယ်ထင်တယ်။

တကယ်တော့ ကျွန်စစ်သားရဲ့ မိဘနှစ်ပါးဟာ အနော်ရထာ မင်းကြီးနှင့် ဝေသာလီမင်းသမီး ပဥ္စကလျာဏီတို့ပဲ ဖြစ်တယ်ကွယ့်...

ဖြစ်ပုံက၊ ဒီလို ကလေးတို့ရေ ...

အနော်ရထာမင်း နန်းတက်တော့ မိဖုရားဆိုလို့ စောလူးမင်းရဲ့ မယ်တော်တစ်ပါးပဲ ရှိတယ်။ ဒါကြောင့် "ငါနှင့် ထိုက်တန်တဲ့ မင်းသမီးကို ဇမ္ဗူဒီပါမြေအပြင်မှာရှာလေ" လို့ဆိုပြီး လက်ဆောင် လက်နက်တွေနှင့် ရာဇတမန်အမတ်ကို အရှာခိုင်းလိုက်သတဲ့။

မိဖုရားလိုက်ရှာတဲ့ အမတ်ဟာ ဝေသာလီမင်းသမီး ပဥ္စကလျာဏီရဲ့ သတင်းကို ကြားရသတဲ့။

မင်းသမီးလေးရဲ့အလှက အပြစ်ဆိုစရာရယ်လို့ လုံးဝမရှိဘူးတဲ့။

မိန်းမတို့ရဲ့ ကောင်းမြတ်လက္ခဏာတွေနှင့် ပြည့်စုံပြီး ဦးသစ်သော ရွှေအဆင်းနှင့်လည်း တူသတဲ့။

နူးညံ့သိမ့်မွေ့မှုလည်းရှိသတဲ့ကွယ် ...

အနော်ရထာစေလွှတ်လိုက်တဲ့ အမတ်ဟာ ဝေသာလီပြည်ကို သွားတယ်။

ဝေသာလီဘုရင်ကို လက်ဆောင်လက်နက်တွေ ဆက်သတယ်။

"ပုဂံပြည့်ရှင် အနော်ရထာမင်းမှာ မိဖုရားမရှိသေး၍ ပဥ္စကလျာဏီမင်းသမီးကို လာတောင်းပါကြောင်း လျှောက်တင်သတဲ့။

ဝေသာလီမင်းလည်း အနော်ရထာမင်းက လာတောင်းတာကို မပေးမနေသာတဲ့အတွက် မင်းသမီးကို ပေးလိုက်ရတယ်ကွယ့်...

ဝေသာလီမင်းသမီး ငြေဝတီကို ရောက်တယ်ကြားတော့ အနော်ရထာမင်းကိုယ်တိုင် ပုဂံကနေသွားကြိုသတဲ့ ...

ကြိုပြီးတော့ ပုဂံပြည်ကိုဆောင်ယူလာခဲ့တယ်။

ပုဂံနေပြည်တော် အရောက်မှာ စေလွှတ်လိုက်တဲ့ အမတ်ရာဇတမန်က

"ဝေသာလီမင်းရဲ့ သမီးအရင်းမဟုတ်နိုင်ဘူး" လို့ ဂုံးချောစကားပြောတယ်ကွယ့် ...

မိတ်ဆွေတာပေ

အမတ်ရဲ့စကားကို မင်းကြီးယုံပြီး နန်းတော်ထဲထိ မခေါ်ဘူးကွယ့်၊ အနောက်ရုံးတော်မှာပဲ မင်းသမီးကိုထားတယ်။

နောက်မှ ပရိမ္မအရပ်ကို ပို့လိုက်သတဲ့ကွယ် ...

ပဥ္စကလျာဏီမင်းသမီးဟာ ပရိမ္မအရပ်ကိုရောက်မှ အနော်ရထာမင်းကြီးနှင့် ယှဉ်တဲ့ ပဋိသန္ဓေရင့်မာလာတယ်ကွယ့် ...

အဲဒီအချိန်မှာ မြေလျှင်ကြီး အပြင်းအထန်လှုပ်တာ ပေါ့ကွယ်...

"ဘာကြောင့် မြေလျှင်ကြီးပြင်းစွာလှုပ်ရတာလည်း" လို့ မင်းကြီးကမေးတယ်။

"ရှင်ဘုရင်ဖြစ်မယ့်သူ မြောက်အရပ်မှာ ပဋိသန္ဓေရှိနေလို့ပါ" လို့ ပညာရှိပုဏ္ဏားမတ်တွေကပြောတယ်လေ ...

အဲဒီနောက် ဖြစ်ပျက်ခဲ့တာတွေကို ကလေးတို့ ရှေ့က ဖတ်ခဲ့ရလို့ သိကြပြီးပြီနော် ...

နောက်ဆုံးမှာတော့ ...

အနော်ရထာမင်းနှင့် ကျန်စစ်သားတို့ သားအဖနှစ်ယောက် ပြန်တွေ့ကြကဲ့ ဇာတ်ပေါင်းခန်းပေါ့ကွယ် ...

အနော်ရထာမင်းကြီးကလည်း သားတော်အရင်းဖြစ်လို့ ကျန်စစ်သားကို သနားတော်၊ ချစ်တော်မူသတဲ့ ကလေးတို့ရေ..။

မိတ်ဆွေစာပေ

# နတ်မြင်းသည် လေးဖော်

ကလေးတို့ရေ …

သူရဲကောင်းကျွန်စစ်သားမှာ လူစွမ်းကောင်းမိတ်ဆွေသုံးဦး ရှိတာ ကလေးတို့ သိပြီးသားနော် …

ငထွေးရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဘီးတို့ပေါ့ကွယ်…

ငထွေးရူးဟာ မြင်းမူအရပ်ကကွယ့်၊ မြင်းမူဆိုတာ မြန်မာ နိုင်ငံအထက်ပိုင်း အခု စစ်ကိုင်းတိုင်းဒေသကြီးထဲမှာရှိတယ်လေ။

အထက်အညာဒေသဆိုတော့ ထန်းပင်ထန်းတောတွေ အရမ်း ပေါများတယ်ကွယ့် …

သစ်တောကြီးတွေထဲမှာ မျက်စိလည်လမ်းမှားသလို …

ထန်းတောကြီးတွေထဲမှာလည်း အရှေ့၊ အနောက်၊ တောင်၊ မြောက်မမှန်းဆနိုင်ဘဲ လမ်းပျောက်သွားတတ်တယ်ကွယ့် …

ရင်းထောင်လို့ ခေါ်တဲ့ လှေကားအရှည်ကြီးနှင့် ထန်းပင် အမြင့်ကြီးပေါ်ကို တက်နေကြတာ ကလေးတို့ မြင်ဖူးကြသလား…

ထန်းလျှိုးဆားကို ခါးပတ်မှာထိုး၊

ထန်းရည်ခံတဲ့ မြူအိုးတွေကို ခါးမှာတိုးလို့တွဲလောင်းချိတ်ပြီး ထန်းပင်ပေါ်တက်နေတဲ့ ထန်းတက်သမားရဲ့ ဟန်ပန်က အရမ်းကြည့်ကောင်းတယ်ကွယ့်။

ထန်းပင်ကရတဲ့ ထန်းရည်ကို ကျိုချက်လိုက်တဲ့အခါ ကလေးတို့ကြိုက်တဲ့ ထန်းလျက်ခဲလေးတွေ ရတာပေါ့ကွယ် ...

ထန်းတက်သမားတစ်ယောက်ဟာ တစ်နေ့ကို ထန်းပင် ၃/၄ ဆယ်လောက်တက်နိုင်ကြတယ်ကွယ့် ...

ငထွေးရှူးကတော့ တစ်နေ့ကို ထန်းပင်တစ်ထောင်တောင် တက်နိုင်သတဲ့။

ထန်းတက်လူစွမ်းကောင်း ငထွေးရှူးရဲ့သတင်းက ပုဂံရွှေနန်းတော်ထိ ပျံ့လွင့်လာတာပေါ့ကွယ် ...

အဲဒီအချိန်မှာပဲ ပုပ္ပါးနယ်က ငလုံးလက်ဖယ်ရဲ့ သတင်းကလည်း မွှေးပျံ့နေသတဲ့ကလေးတို့ရေ ...

ငလုံးလက်ဖယ်က လယ်သမားလူစွမ်းကောင်းကွယ့် ...

နွားအရှဉ်းသုံးဆယ်ကို ထွန်မှာတပ်ပြီး မှန်အောင်ထွန်ရေးငင်နိုင်သတဲ့ကွယ် ...

လယ်သမားတိုင်း နှစ်ကောင်၊ တစ်ရှဉ်းကိုပဲ နိုင်နိုင်နင်းနင်း ထွန်ရေးငင်နိုင်ကြတယ်ကွယ့် …

နွားအကောင်ခြောက်ဆယ်ကို ထွန်မှာတပ်ပြီး စွမ်းဆောင်နိုင်တာကတော့ ဒီဇမ္ဗူမှာ လုံးလက်ဖယ်တစ်ယောက်ပဲ ရှိတဲ့ယ် ကလေးတို့ရေ …

နောက်ထပ်လူစွမ်းကောင်းတစ်ယောက်က ညောင်ဦးသား ကွယ့် …

သူ့နာမည်ကလည်း ညောင်ဦးဘီးတဲ့၊ ညောင်ဦးဘီးဟာ ညောင်ဦးကမ်းပါးအမြင့်ကြီးကနေ ပြေးဆင်း …

ဧရာဝတီမြစ်ပြင်ကျယ်ကြီးကို လက်ပစ်ကူးတယ် …

တစ်ဖက်ကမ်းရောက်တာနဲ့ မနားဘဲ ညောင်ဦးဘက်ကမ်းကို ပြန်ကူးလာပြန်တယ် …

ညောင်ဦးကမ်းစပ်ရောက်တာနဲ့ ကမ်းပါးအမြင့်ကြီးပေါ် မနားတမ်းပြေးတက်နိုင်သတဲ့ ကလေးတို့ရေ …

သူက ရေကူးလူစွမ်းကောင်းပေါ့နော် …

သူ့လို စွမ်းနိုင်သူ နောက်တစ်ဦးမရှိဘူးကွယ့် …

ရှိတယ်ဆိုရင်လည်း အဲဒီသူဟာ လူမဟုတ်၊ နတ်သားတစ်ပါးပဲ ဖြစ်လိမ့်မယ်ကွယ့် …

အနော်ရထာမင်းနှင့် ကျန်စစ်သားတို့ဟာ အဲဒီလူစွမ်းကောင်း သုံးယောက်ကို ခေါ်ယူစုစည်းလိုက်တယ် ...

ဓားခုတ်၊ လှံထိုးနှင့် ဆင်စီး၊ မြင်းစီးတွေ၊ စစ်နည်းဗျူဟာတွေ လေ့ကျင့်သင်ကြားပေးတယ်။

နဂိုကတည်းက စွမ်းရည်သတ္တိရှိတဲ့ လူစွမ်းကောင်းတွေဆိုတော့ အသတ်အပုတ်၊ အတိုက်အခိုက်ပညာမှာ သူမတူအောင် ကျွမ်းကျင်ပိုင်နိုင်ကြတာပေါ့ကွယ် ...

တစ်နေ့မှာ ဂကြီးအစုံအလင်နှင့် နတ်မြင်းလေးစီး လက်ထုပ်အရပ်မှာ ပေါ်ပေါက်တယ်ဆိုတဲ့သတင်း အနော်ရထာမင်းကြားပါလေရော ...

ဘယ်သူမှလည်း ဖမ်းလို့မရ၊ ပိုင်ရှင်လည်း မရှိဘူးလို့ သိရတဲ့အတွက် ကျန်စစ်သားတို့ သူရဲကောင်းလေးယောက်ကို သွားဖမ်းခိုင်းတယ်။

သူတို့လေးယောက်ဟာ မြစ်ရေပြင်ထိရောက်အောင် ခြံအကျယ်ကြီးကို တည်ဆောက်ကြတယ်။

ပြီးတာနှင့် မြင်းလေးကောင်ကို ခြောက်လှန့်ပြီး ခြံထဲမောင်းသွင်းတယ်။

မြစ်ရေပြင်ထိရောက်အောင် မောင်းတယ်။

မြင်းလေးစီးစလုံး ရေမှာကျပြီးကူးမှ တက်စီးကြတယ်ကွယ့် ...

ဒီလိုနှင့် မြင်းလေးကောင်စလုံးကို ရလိုက်ကြတယ်။

အနော်ရထာမင်းကြီးက

"သည်မြင်းလေးစီးကို သင်တို့လေးယောက်မွေး၍ ငါ့အမှုတော်ကို ထမ်းကြ" ဆိုပြီး ကျန်စစ်သားတို့ သူရဲကောင်းလေးယောက်ကို ပေးသတဲ့။

ကျန်စစ်သားစီးတဲ့ မြင်းရဲ့အမည်က နှလုံးခွံကောင်း၊

ငထွေးရူးစီးတဲ့မြင်းက နှလုံးလျှင်တိုင်း၊ ညောင်ဦးဘီးရဲ့မြင်းက နှလုံးအတုမရှိ ဖြစ်ပြီး ...

ငလုံးလက်ဖယ်စီးတဲ့ မြင်းကတော့ လေမိုးယဉ်ခေါင်လို့ အမည်ရသတဲ့။

နတ်မြင်းကြီးတွေဆိုတော့ လှလည်းလှ၊ ထွားလည်းထွား၊ မြန်လည်းမြန်မို့ မြင်သူတိုင်း တအံ့တသြဖြစ်ရတာပေါ့ ...

အဲဒီအချိန်က စပြီး သူတို့လေးယောက်ကိုလည်း နတ်မြင်းသည် သူရဲကောင်းလေးယောက်လို့ ပုဂံပြည်အဝှမ်းမှာ ထင်ရှားကျော်ကြားသွားသတဲ့ကွယ်။

# နှိမ်နင်းခဲ့ အရည်းကြီးသာသနာ

ကလေးတို့ရေ ...

ကျွန်ုပ်စစ်သားဦးဆောင်တဲ့ နတ်မြင်းသည် လေးယောက်ဟာ ပုဂံပြည်ကြီး သာယာဝပြောဖို့၊ အမျိုးဘာသာ သာသနာတည်တံ့ ခိုင်မြဲဖို့ စွမ်းစွမ်းတမန် ဆောင်ရွက်ခဲ့ကြတယ်ကွယ့် ...

အနော်ရထာမင်းကြီးဟာ သထုံပြည်က ကြွလာတဲ့ ရဟန်းတော်ရှင်အရဟံရဲ့ ကျေးဇူးကြောင့် ဗုဒ္ဓတရားတော်ကို နာကြားခွင့်ရခဲ့တယ်ကွယ့် ...

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ရှင်အရဟံကိုလည်း ကိုးကွယ်ဆည်းကပ်ခဲ့တယ်။

အနော်ရထာမင်းကြီးမတိုင်မီ ရှေးမင်းအဆက်ဆက်ဟာ အရည်းကြီးလို့ခေါ်တဲ့ ဒိတ္ထိတွေကို ကိုးကွယ်ကြရသတဲ့။

အရည်ကြီးတွေဟာ ...

ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုးခံစားရမယ်။

မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးခံစားရမယ်ဆိုတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို ပယ်ကြသတဲ့။

မိတ်ဆွေစာပေ

အရည်ကြီးတွေဟာ သူတို့ဖြစ်စေချင်တဲ့အတိုင်း ကျန်းဂန်တွေရေးပြီး လူတွေကို လိမ်လည်လှည့်ဖျားကြတယ်ကွယ့် ...

အရည်ကြီးသာသနာက သူတို့ကိုသာ ကိုးကွယ်

သူတို့ဆိုခိုင်းသလိုသာ ရွတ်ဆိုကြ။

သူတစ်ပါးအသက်သတ်လည်း အပြစ်မဖြစ်ဘူး။

မိဘကိုသတ်မိလည်း အပြစ်မဖြစ်ဘူးတဲ့။

ဒီလိုမဟုတ်မမှန်တဲ့ အဓမ္မတရားတွေကို ဟောကြ ပြောကြသတဲ့။

ပြီးတော့ ...

ထိမ်းမြားမင်္ဂလာပြုမယ်ဆိုရင်လည်း ညဦးကတည်းက သမီးပျိုကို အရည်းကြီးတွေဆီပို့ကြရတယ်။

နံနက်မိုးသောက်ပြန်လွှတ်လိုက်မှ ထိမ်းမြားရသတဲ့ ...

အစဉ်အလာကိုဖျက်ရင် အပြစ်ကြီးခံရမယ်လို့လည်း ခြောက်လှန့်ကြသတဲ့ကွယ် ...

အနော်ရထာမင်းက အရည်းကြီးတွေရဲ့ ဆိုးညစ်တဲ့အပြုနှင့် မဟုတ်မမှန်တဲ့တရားတွေကို မယုံကြည်ဘဲ ဖယ်ရှားခဲ့တယ်။

ခေါင်းဆောင်အရည်းကြီးသုံးကျိပ်နှင့် တပည့်ခြောက်သောင်းကို လူဝတ်လဲခိုင်းလိုက်တယ်။

အချို့ကို အဲမောင်း၊ လှံကိုင်ခိုင်းပြီး ကာကွယ်ရေးမှာ သုံးတယ်။

အတုအယောင်ဘာသာရေးနှင့် နှစ်ပေါင်းများစွာ မင်းမူခဲ့ကြတာဆိုတော့ အရည်းကြီးတွေဟာ တော်ရုံနှင့်အရှုံးမပေးကြဘူးကွယ့်။

ရှင်အရဟံနှင့်တကွ ဗုဒ္ဓရဟန်းတော်တွေကို ရန်ပြုဖို့အထိ အားထုတ်လာကြသတဲ့၊

ဒါပေမယ့်၊ ဘယ်ရမှာလဲနော်။

အနော်ရထာမင်းမှာ ကျန်စစ်သားတို့ နတ်မြင်းသည် လေးယောက်ရှိတယ်လေ။

နတ်မြင်းသည် သူရဲကောင်းတွေရဲ့ လက်ရုံးရည်ကို မယှဉ်နိုင်တော့မှ အရည်းကြီးတွေ လုံးဝငြိမ်ဝပ်သွားကြတယ်။

ပုဂံပြည်ကြီးလည်း အဲဒီတော့မှ ဗုဒ္ဓသာသနာ နေလိုလလို ထွန်းလင်းတောက်ပနိုင်ခဲ့တာပေါ့ကွယ် ...

ကလေးတို့ ပုဂံကိုရောက်တဲ့အခါ

အနော်ရထာ၊ ကျန်စစ်သားနှင့်တကွ ပုဂံပြည်သူပြည်သားတွေ တည်ခဲ့တဲ့ ဘုရား၊ ပုထိုး၊ စေတီတွေ အများကြီးကို အံ့သြစရာကောင်းလောက်အောင် ဖူးမြင်ကြရမှာ အမှန်ပါပဲကွယ် ...

# သထုံပြည်တိုက်ပွဲ

ကလေးတို့ရေ …

တစ်နေ့မှာ အနော်ရထာမင်းကြီးဟာ တော်တော်ဒေါသထွက်နေသတဲ့။

ဒေါသထွက်ရတဲ့ အကြောင်းက ဒီလိုကွယ့် …

ဗုဒ္ဓသာသနာ တည်တံ့ခိုင်မြဲဖို့ ပိဋကတ်သုံးပုံလိုအပ်နေတယ်။

ပိဋကတ်သုံးပုံဆိုတာ ဗုဒ္ဓဘုရားရှင်ဟောကြားတဲ့ တရားတော်အားလုံးကို ရေးမှတ်ထားတဲ့ ကျမ်းဂန်တွေပေါ့ကွယ် …

ပုဂံပြည်မှာ ပိဋကတ်သုံးပုံမရှိသေးဘူးလေ၊

ဗုဒ္ဓသာသနာ စည်ပင်ပွင့်ဖြိုးနေတဲ့ သထုံပြည်မှာတော့ ပိဋကတ်သုံးပုံ အစုံသုံးဆယ်တောင်ရှိသတဲ့။

ဒါကြောင့် အနော်ရထာမင်းက သထုံမင်းအတွက် လက်ဆောင်တွေ စီစဉ်တယ်။

သာယာချေငံစွာ ပြောတတ်ဆိုတတ်တဲ့ အမတ်လိမ္မာတစ်ယောက် သထုံကိုလွှတ်တယ်။

ပိဋကတ်သုံးပုံ တစ်စုံလောက် ပေးပါပေါ့နော် …

ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်ပေမယ့် သထုံမင်းမနုဟာ ဟာ အသိလက်လွတ်ဖြစ်သွားတယ်ထင်ပါရဲ့။

"မိစ္ဆာဒိဋ္ဌိ အရည်းကြီးတွေကို ကိုးကွယ်တဲ့ အရိုင်းအစိုင်းတွေ၊ ပိဋကတ်သုံးပုံနှင့် မထိုက်တန်ဘူး" လို့ ရင့်ရင့်သီးသီး ပြောလိုက်သတဲ့။

အနော်ရထာက ကျန်စစ်သားနှင့် နတ်မြင်းသည်သူရဲကောင်းလေးယောက်ကို ခေါင်းဆောင်စေပြီး စစ်တပ်ကြီးစေလွှတ်လို့ သထုံကို သွားတိုက်ခိုင်းတယ်ကွယ့် ...

သထုံဘုရင်မနုဟာ မင်းကလည်း မြို့တံခါးကို အလုံပိတ်ပြီး အပြင်းအထန် ခုခံသတဲ့။

ဒါပေမယ့်ပေါ့ကွယ်။

နောက်ဆုံးမှာတော့ နတ်မြင်းသည် သူရဲကောင်းတွေနှင့် ပုဂံစစ်သည်တွေရဲ့ တိုက်ခိုက်မှုကို ဘယ်သူမှ မခံနိုင်ဘူးမဟုတ်လား ...

လက်မြှောက်အရှုံးပေးပြီး၊ မနုဟာ မင်းကိုယ်တိုင် အဖမ်းခံလိုက်ရတာပေါ့ကွယ်၊

အနော်ရထာမင်းနှင့် နတ်မြင်းသည် သူရဲကောင်းတွေဟာ သထုံပြည်က ပိဋကတ်သုံးပုံ အစုံစုံကို ပင့်ဆောင်ခဲ့ကြတယ်။

မိုး ဆွေစာပေ

ကျမ်းဂန်တတ် ဆရာတော်သံဃာတော်တွေကို ချေင်စွာ တောင်းပန်လျှောက်ထားပြီး ပုဂံကိုပင့်ဆောင်ခဲ့ကြတယ်။

ပြီးတော့ ...

အသိပညာရှင်၊ အတတ်ပညာရှင်နှင့် အနုပညာရှင် အမြောက်အမြားကိုလည်း ပုဂံကို ခေါ်ဆောင်ခဲ့ပြီး ချီးမြှင့်မြောက်စားသတဲ့၊

မနုဟာ မင်းနှင့်သားမယားတွေကိုပါ ပုဂံကိုဆောင်ယူခဲ့တယ်ကွယ့်။

ရန်သူ၊ စစ်ရှုံးဘုရင်ဆိုပြီး နှိပ်စက်က လူမပြုဘဲ အခြံအရံ အလုပ်အကျွေးတွေနှင့်ပဲထားသတဲ့။

သတိလက်လွတ်ပြောမိတဲ့စကားတစ်ခွန်းကြောင့် သက်ဦးဆံပိုင်ရှင်ဘုရင်ဘဝကနေ သူတစ်ပါးလက်အောက် ကျရောက်ခဲ့တဲ့ မနုဟာကတော့ နောင်တကြီးစွာရနေတာပေါ့ကွယ် ...

"သံသရာမှာ ကျင်လည်သရွေ့ သူတစ်ပါး၏ အနိုင်ရတဲ့သူ မဖြစ်ပါစေနှင့်"လို့ ဆုတောင်းပြီး ပုဂံမှာ ဘုရားတစ်ဆူတည်ခဲ့သတဲ့။

အဲဒီဘုရားရဲ့အမည်ကို ဒီနေ့ထိတိုင်အောင် မနုဟာဘုရားလို့ပဲ ခေါ်ကြသတဲ့ ကလေးတို့ရေ။

# ဂျွမ်းပြန်သွားတဲ့ ဂျွမ်းစစ်သည်များ

ကလေးတို့ရေ ...

တစ်နေ့မှာတော့ ဥသျှောပဲခူးကိုတိုက်ဖို့ ဂျွမ်းစစ်သည်တွေ ချီတက်လာသတဲ့။

ဥသျှောမင်းက အနော်ရထာမင်းဆီကို စစ်ကူပေးဖို့ အကူအညီ တောင်းလိုက်တယ်။

အနော်ရထာမင်းက "စစ်သည်တော်လေးသိန်း လွှတ်လိုက် မယ်"လို့ ပြန်ကြားလိုက်တယ်တဲ့။

တကယ်လွှတ်တော့ ကျန်စစ်သားဦးဆောင်တဲ့ နတ်မြင်းသည် လေးယောက်ကိုပဲ စေလွှတ်လိုက်တယ်ကွယ့်။

ဥသျှောမင်းလည်း စိတ်ဓာတ်ကျသွားတာပေါ့နော်။

စစ်သည်လေးသိန်းပို့ပေးမယ်ဆိုပြီး မြင်းလေးစီးနှင့်လူလေး ယောက်ပဲ ရောက်လာတာကိုး။

နတ်ကလည်း အသံထွက်ပြီး ညည်းညူမိသတဲ့။ ဒီစကားကို နတ်မြင်းသည် လေးယောက်ကြားသွားတော့ ...

မိတ်သဟာယ

ဓားခုတ်၊ ငှ ိုး၊ မြင်းစီးစတဲ့ အတိုက်အခိုက်ပညာ၊ သူရဲကောင်းတို့စွမ်းရည်တွေကို ပြကြသတဲ့။

နတ်မြင်းသည် သူရဲကောင်းလေးယောက်ရဲ့ စွမ်းပကားတွေကို မျက်ဝါးထင်ထင်မြင်ကြမှ ...

"ဤသူတွေဟာ လူမဟုတ်၊ နတ်ပဲဖြစ်ရမယ်။

သူတို့လို လူမျိုးတွေကို မြင်ဖူးဖို့နေနေသာသာ ကြားတောင် မကြားခဲ့ဖူးဘူး"

ဥသာမင်းရော၊ တိုင်းသူပြည်သားတွေရော အံ့သြချီးမွမ်းကြသတဲ့ ...

နတ်မြင်းသည် သူရဲကောင်းတွေကို လက်ဆောင်တွေလည်း ပေးကြသတဲ့။

အဲဒီနောက် ရက်များမကြာမီမှာ ...

ဥသာပဲခူးကို ဂျွမ်းစစ်သည်တွေအလုံးအရင်းနှင့် ရောက်လာကြပါရော ...

သူတို့မှာ စစ်သည်တော်တွေအပြင် စစ်ဆင်တွေရော၊ စစ်မြင်းတွေရော အများကြီးပါလာကြတယ်ကွယ့် ...

ကျွန်စစ်သား၊ ငထွေးရှူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဘီး တို့ဟာ နတ်မြင်းကြီးတွေစီးပြီး ဂျွမ်းစစ်သည်တွေရှိရာဆီ မုန်တိုင်း တိုက်သလို ဒုန်းစိုင်းခဲ့ကြတယ်။

ဂျွမ်းစစ်တပ်ကြီး နှစ်ခြမ်းကွဲသွားအောင် အလယ်ကိုထွင်းပြီး တရစပ်တိုက်ခိုက်ကြတယ်။

တစ်ခါ နှစ်ခြမ်းကွဲသွားတဲ့ ဂျွမ်းစစ်သည်တွေကို လေးစု ကွဲသွားအောင် တိုက်ကြပြန်တယ်။

လေးစုကွဲသွားတော့မှ တစ်ယောက်တစ်စုစီ တာဝန်ယူပြီး ထိုးခုတ်တိုက်ခိုက်ကြပြန်သတဲ့ ...

ကလေးတို့ရေ ...

နတ်မြင်းသည် သူ့ရဲ့ကောင်းလေးယောက်ရဲ့ အလျင်က မုန်တိုင်းတိုက်သလို ပြင်းထန်တယ်တဲ့။

ထိုးခုတ်တိုက်ခိုက်ချက်တွေကလည်း လျှပ်စီးလက်သလို သိပ်မြန်တာပဲတဲ့ကွယ် ...

ဂျွမ်းစစ်သည်တွေ ဘယ်လိုမှ ပြန်မတိုက်နိုင်ပဲ ကျဆုံးကြရ သတဲ့။

အချို့ကတော့ လက်နက်တွေ ပစ်ချပြီး ခါးကအဝတ်နှင့်ပဲ ကြောက်လန့်တကြား ထွက်ပြေးကုန်ကြသတဲ့။

နတ်မြင်းသည် သူရဲကောင်းတွေဟာ ဂျွမ်းစစ်သူကြီးလေး ယောက်ကို အရှင်ဖမ်းပြီး ဥသဘာဘုရင်ကို ဆက်သလိုက်ကြတယ် ကွယ့်။

ဥသဘာမင်းရော၊ ပြည်သူပြည်သားတွေရော အရမ်းကို ပျော်ရွှင်သွားကြတာပေါ့ကွယ့် ...

နတ်မြင်းသည် သူရဲကောင်းလေးယောက်ကို ဆုတွေလာဘ် တွေပေးပြီး ချီးမြှောက်ကြတယ်။

အနော်ရထာမင်းအတွက်လည်း အမျိုးမျိုးသော လက်ဆောင် ပဏ္ဏာတွေအပြင် ရွှေအဆင်းကဲ့သို့ အဆင်းရှိတဲ့ သမီးတော်မဏိ စန္ဒာကိုလည်း ဆက်သလိုက်သတဲ့ကွယ် ...

နတ်မြင်းသည် သူရဲကောင်းတွေလည်း အမျိုးမျိုးသော လက်ဆောင်ပဏ္ဏာတွေနှင့် မဏိစန္ဒာမင်းသမီးလေးကို ဆောင်ယူ ပြီး အောင်ပွဲနှင့်အတူ ပုဂံပြည်ကြီးကို ပြန်လာကြသတဲ့ကွယ်...

မိုးမခ

# ကျွန်စစ်သားရဲ့ သစ္စာ

ကလေးတို့ရေ ...

နန်းစံသက် (၄၂) နှစ်၊ သက်တော် (၇၅) နှစ်အရောက်၊ သက္ကရာဇ် (၄၂၁)ခုမှာ အနော်ရထာမင်းကြီး အနိစ္စရောက်တယ် ကွယ့် ...

ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံတဲ့ မင်းဖြစ်ပေမယ့် အကုသိုလ်ကံ အကျိုးပေးချိန်ရောက်တော့ ကျွဲခတ်ခံရပြီး အနိစ္စ ရောက်ရတာပေါ့ကွယ် ...

ဖြစ်ပုံက ဒီလိုကလေးတို့ရေ ...

ရှေးဘဝအဆက်ဆက်က ရန်သူဖြစ်ခဲ့ဖူးသူ တစ်ယောက်ဟာ လိမ်ပင်စောင့်နတ်ဖြစ်နေသတဲ့။

အနော်ရထာမင်း တရုတ်ပြည်ကို စစ်ချီတုန်းက အဲဒီလိပ်ပင် အနီးရောက်လာတယ်။

မိတ်ဆွေစာပေ

လိမ်ပင်စောင့်နတ်ကလည်း ဘ၀ဟောင်းက ရန်သူဆိုတော့ အောက်ကိုမဆင်းဘူး။

လိမ်ပင်ပေါ်မှာပဲ ကိုယ်ထင်ပြပြီး နေတယ်။

"ငါလို ဘုရင်လာတာကို သစ်ပင်ပေါ်က မဆင်းရကောင်းလား" ဆိုပြီး ကျွန်စစ်သားကို အရိန္ဒမာကြိမ်နှင့် ရိုက်ခိုင်းတယ်။

လိမ်ပင်စောင့်နတ်က တန်ခိုးအသင့်အတင့်ရှိပေမယ့် ကြိမ်လုံးက သိကြားမင်းပေးထားတာမို့ ဘယ်လိုမှ မကာကွယ်နိုင်ဘူး။

ကြောက်လန့်တုန်လှုပ်ပြီး ဆင်းပြေးရတယ်။

လိမ်ပင်စောင့်နတ်ဟာ အဲဒီနေ့ကစပြီး အနော်ရထာမင်း ပျက်စီးဖို့ကိုပဲ အမြဲကြံစည်လုပ်ဆောင်နေခဲ့တယ်။

ကုသိုလ်ကံ အားကြီးနေတဲ့အချိန်မှာ ဘယ်[illegible]ကြုံကြုံ[illegible]ရပေမယ့် အကုသိုလ်ကံ အခွင့်ကြုံတော့ သူ့အကြံအောင်မြင်သွားတာ ပေါ့ကွယ် ...

ကျွဲရိုင်းအယောင်ဆောင် ဖန်ဆင်းတယ်။

ပြီးတော့ လူတွေကို လိုက်ခတ်တယ်။

ဘယ်သူမှ သွားလို့လာလို့ မရအောင်ဆိုးသွမ်းတယ်။

ဒီကျွဲဆိုးသတင်းကို အနော်ရထာလည်း ကြားရော့ ဆင်နှင့် တိုက်သတ်မယ်ဆိုပြီး သွားတယ်ကွယ့်။

ကျွဲရိုင်းကိုမြင်တော့ စီးတော်ဆင်ကို ချွန်းဖွင့်ပြီး အပြင်းတိုက်သတဲ့။

ဒါပေမယ့် ကျွဲက သာမန်ကျွဲမှမဟုတ်ဘဲ။ နတ်ကျွဲဆိုတော့ ဆင်ထက်မှာကို မိအောင်လှမ်းခတ်တာပေါ့ ...

ကျွဲခတ်ခံရတာကြောင့် အနော်ရထာမင်းနေရာမှာတင် အနိစ္စရောက်ရတာပေါ့ကွယ် ...

အနော်ရထာမင်း အနိစ္စရောက်တော့ သားတော်စောလူးပုဂံထီးနန်းကို တက်တာပေါ့။

နတ်မြင်းသည် သူ့ရဲကောင်းကြီးကျန်စစ်သားလည်း စောလူးမင်းဆီမှာ ဆက်ပြီးအမှုထမ်းသတဲ့။

စောလူးမင်းဟာ အပျော်အပါးခုံမင်သတဲ့။ ကလေးတို့ရေ- အပျော်အပါးကို လွန်လွန်ကျူးကျူးခုံမင်တာဟာ ပျက်စီးခြင်းရဲ့လမ်းစပဲကွယ့်။

စောလူးမင်းဟာ ပညာရှိ မှူးမတ်တွေပြောတဲ့စကားကိုလည်း နားမထောင်ဘူး။

သူထင်သလို နေတာပဲတဲ့ကွယ်။

တစ်နေ့ကျတော့ ...

မိတ်ဆွေစာပေ

သူနှင့် နို့စို့ဖက် အထိန်းတော်ရဲ့သား ရေမန်ကာန်းနှင့် ကြွေအံကစားရင်း စကားများကြတာပေါ့။

ရေမန်ကာန်းက ဥသာပဲခူးမြို့စားဆိုတော့ သူမြို့ကို ပြန်တယ်။

ဥသာပဲခူးမှာ စစ်သည်ရဲမက်ဗိုလ်ပါတွေ၊ စစ်ဆင်၊ စစ်မြင်းတွေအလုံးအရင်းနှင့်စုပြီး ပုဂံမင်းစောလူးကို ပုန်ကန်တော့တာပေါ့။

ပြီးတော့ "ပုဂံကို တိုက်ခိုက်သိမ်းပိုက်မယ်" ဆိုပြီး စစ်တပ်ကြီး အလုံးအရင်းနှင့်ချီတက်လာတာပေါ့။

"ရေမန်ကာန်းရဲ့ စစ်တပ်ကြီး ပုဂံကိုတိုက်ဖို့ ချီတက်လာပြီး"

အခုလမ်းခရီးက ပြည်တော်သာကျွန်းမှာ တပ်ချရပ်နားနေပြီ ..."

ဒီသတင်းက ပုဂံနန်းတော်ကို ရောက်လာတယ်။

နတ်မြင်းသည် သူရဲကောင်းကြီး ကျန်စစ်သားဟာ ပုဂံစစ်တပ်ကြီးကို ခေါင်းဆောင်ပြီး ရေမန်ကာန်းကို တိုက်ဖို့ထွက်လာခဲ့တယ်။

စောလူးမင်းကတော့ တပ်မကြီးတစ်ခုနှင့် နောက်ကနေလိုက်ပါချီတက်သတဲ့။

ရေမန်ကာန်းဟာ ကျန်စစ်သားရဲ့ လက်ရုံးရည်၊ နှလုံးရည်ကို သိတယ်။

ထိပ်တိုက်ရင်ဆိုင်ပြီး တိုက်ခိုက်ရင် ကျွန်စစ်သားကို ဘယ်လိုမှ မနိုင်နိုင်ဘူးဆိုတာ သူ့ကိုယ်သူသိတယ်။

ဒါပေမယ့် ရေမန်ကာန်းက လူပါး။

သူက စောလူးမင်းအကြောင်းကိုလည်း သိတယ်။

ကလေးဘဝကတည်းက အတူတူနေလာခဲ့ကြတာကိုး ...

စောလူးမင်းဆင်ခြင်တုံတရားမရှိတာ၊ ဘယ်သူဘာပြောပြော သူထင်ရာစိုင်းတတ်တာတို့ကို သိတယ်ကွယ့်။

ဒါကြောင့် ပရိယာယ်ဆင်တယ်။

ရှုံ့ညှံ့တွေနှင့်တူတဲ့အရပ်မှာ ဝါးနှီးတွေနှင့် ဆင်ရုပ်လုပ်တယ်။

ဆင်ရုပ်ပေါ်မှာ ဒိုင်းနှင့်လှံ၊ ဓားကိုင်ထားတဲ့ လူရုပ်လည်းလုပ်သတဲ့။

ကျွန်စစ်သားဟာ ပြည်တော်သာကျွန်းအနီးကို နေဝင်မိုးချုပ်မှာ ရောက်တယ်။

နယ်မြေဒေသ အခြေအနေနှင့် အချိန်အခါကိုကြည့်ပြီး "မနက်ဖြန်မှ တိုက်မယ်"လို့ စောလူးမင်းကို လျှောက်တင်သတဲ့။

ညအမှောင်နှင့် လရောင်ကြယ်ရောင်ပိုးတဝါးအချိန်ရောက်တော့ ရေမန်ကာန်းက စစ်စည်၊ စစ်မောင်းတွေတီးပြီး စစ်တိုက်ဟန်ပြုတယ်ကွယ့်။

ကျန်စစ်သားက စစ်နည်းဗျူဟာ ကျွမ်းကျင်တဲ့ သူရဲကောင်းပဲ။ အခြေအနေကို မသင်္ကာဘူး။

ငရမန်ကန်းဟာ ညအချိန်လာတိုက်မှာမဟုတ်ဘူးဆိုတာ နားလည်တယ်။

ဒါ့ကြောင့်၊ ထွက်တိုက်မယ်၊ တကဲကဲလုပ်နေတဲ့ စောလူးမင်းကို အကျိုးသင့်၊ အကြောင်းသင့် ပြောပြတယ်။

စောလူးမင်းကလည်း "ငါရှင်ဘုရင်၊ ငါမှန်တယ်ထင်ရင် လုပ်မှာပဲ" ဆိုတဲ့ လူစားကိုးကွယ့် ...

ကျန်စစ်သားရော၊ ပညာရှိတွေရော၊ ဝိုင်းပြောနေတဲ့ကြားက ဆင်စီးပြီးတိုက်ဖို့ ထွက်သတဲ့။

ရှင်ဘုရင်လုပ်တဲ့သူ ရှေ့ကထွက်ပြီဆိုတော့ ကျန်စစ်သားရော၊ စစ်သည်ရဲမက်တွေရော လက်နက်စွဲကိုင်ပြီး လိုက်ကြရတာပေါ့ကွယ်။

စောလူးမင်းဟာ ရွှံ့ညွှန်ထဲမှာ ထောင်ချောက်ဆင်ထားတဲ့ ဆင်ရှပ်ကို ငရမန်ကန်းဆင်ထင်ပြီး သူ့ဆင်နှင့်တိုက်ဖို့သွားပါရော ...

စောလူးမင်းရဲ့ဆင် ရွှံ့ညွှန်ထဲနစ်ပြီး မလှုပ်နိုင်တော့ဘူးပေါ့ကွယ် ...

ပုဂံစစ်တပ်ရဲ့ ဆင်တွေ၊ မြင်းတွေအားလုံး ညှံ့နစ်ကုန်တာပေါ့နော် ...

ဒီတော့မှ ငရမန်ကန်းက ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဝင်တိုက်ကြသတဲ့။

ပုဂံစစ်တပ်လည်း မခံနိုင်ဘဲ ပျက်သွားသတဲ့။

ကျန်စစ်သားလည်း ပျက်တဲ့တပ်ကို စုစည်းပြီး ပုဂံထိပြန်ဆုတ်ခဲ့ရတာပေါ့ကွယ် ...

ပုဂံကိုပြန်ရောက်တော့ မှူးကြီးမတ်ရာတွေက "စောလူးမင်းမရှိရင်၊ ကျန်စစ်သားမှတစ်ပါး ပုဂံကို အုပ်စိုးထိုက်သူမရှိ" လို့ လျှောက်ကြတယ်။

မင်းမြောက်တန်ဆာငါးပါးကို ဆက်သပြီး မင်းပြုဖို့တောင်းပန်ကြတယ်။

ဒီနေရာမှာ ကျန်စစ်သားမဟုတ်ဘဲ တခြားသူဆိုရင်တော့ မလွှဲမရှောင်သာလို့ဆိုပြီး ရှင်ဘုရင်တန်းလုပ်လိုက်မှာပေါ့နော် ...

ဒါပေမယ့် ...

ကျန်စစ်သားက သူ့ရဲကောင်းကွယ့်။

လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်ဝတဲ့သူ "ငါ့အရှင်

မင်းစောလူးရှိ၊ မရှိ စုံစမ်းဦးမယ်၊ မင်းစောလူးရှိသေးရင် ရအောင် ရှာပြီး နန်းတင်မယ်''လို့ ပြောတာပေါ့။

အဲဒီအချိန်မှာ စောလူးမင်းဟာ ရေမန်ကန်းရဲ့ ဖမ်းဆီးထားတာကို ခံနေရတယ်ကွယ့်။

အဲဒီသတင်းကို ကျန်စစ်သားသိတော့ ''ငါ့အရှင်စောလူးမင်းကို ပြန်ခိုးယူပြီး နန်းတင်မယ်''လို့ ကြံတယ်။

ညအချိန်မှာ ရေမန်ကန်းရဲ့ တပ်ထဲကို တိတ်တဆိတ်ဝင်၊ စောလူးမင်းကို ခိုးတာပေါ့။

အချုပ်ခန်းထဲက စောလူးမင်းကိုတွေ့တော့ ပုခုံးပေါ်ထမ်းပြီး ပြန်ထွက်လာတယ်။

ကလေးတို့ရေ …

စောစောက ပြောခဲ့သလိုပဲ။

စောလူးမင်းက ဆင်ခြင်တုံတရားကင်းမဲ့တယ်ကွယ့်။ ကျန်စစ်သားကို သူ့ရဲ့ခမည်းတော်အနော်ရထာက စိတ်ဆိုးလို့ အပြစ်ပေးဖူးတယ်။

သူကိုယ်တိုင်ကလည်း စိတ်ဆိုးဖူးသေးတယ်။

အဲဒါကို ရန်ငြိုးထားပြီးသတ်ဖို့ ကျန်စစ်သားလာခိုးတာပဲ ဖြစ်ရမယ်လို့ တလွဲတွေးတယ်။

လူကောင်းကို မကောင်းထင်တာပေါ့နော်။

သူ့အပေါ်မကောင်းကြံတဲ့ ငရမန်ကန်းကိုကျတော့ "ငါ့အထိန်းတော်ရဲ့သား၊ ငါနှင့်နို့စို့ဘက်၊ ငါ့ကို မသတ်လောက်ဘူး" လို့ အကောင်းတွေးတယ်။

ဒီလိုအတွေးမှား၊ အမြင်မှားတွေနှင့် စောလူးမင်းဟာ ကျန်စစ်သားရဲ့ ပုခုံးပေါ်ကနေ "ကျန်စစ်သား ငါ့ကို ခိုးနေပါတယ်" လို့ ဟစ်အော်သတဲ့။

ငရမန်ကန်းရဲ့ စစ်သားတွေလည်း ညာသံပေးပြီး ထွက်လာကြတာပေါ့ ...

ကျန်စစ်သားလည်း၊ အသက်နှင့်ရင်းပြီး ကယ်ရတဲ့ သူ့စေတနာကို အစော်ကားခံရတော့ ဒေါသဖြစ်သွားတာပေါ့ကွယ် ...

"ဟယ် ... မင်းဆိုးမင်းညစ်၊ ရန်သူတို့လက်မှာ၊ ခွေးသေ၊ ဝက်သေ သေရစ်ပေရော့" လို့ဆိုပြီး စောလူးမင်းကို ပစ်ချ၊ ကိုယ်လွတ်ရုန်းပြေးခဲ့ရတာပေါ့ကွယ် ...

ကောင်းတဲ့သူကို မကောင်းထင်၊ မကောင်းသူမှ လူကောင်းထင်မိတဲ့အကျိုးဆက်ကြောင့် စောလူးမင်းဟာ ငရမန်ကန်းရဲ့ သတ်ဖြတ်တာကို ခံလိုက်ရတာပေါ့ကွယ် ...

စောလူးမင်းမရှိတဲ့ နောက်မှာ ကျန်စစ်သားဟာ ရေမန်ကန်းရဲ့ ရန်စွယ်ကို အပြီးတိုင် နှိမ်နင်းပစ်လိုက်တယ်။

သက္ကရာဇ် ၄၂၆ ခုနှစ်မှာတော့ နတ်မြင်းသည် သူရဲကောင်းကြီးကျန်စစ်သားဟာ ပုဂံရွှေနန်းတော်ကို သိမ်းပိုက်ပြီး မင်းအဖြစ်ကို ခံယူလိုက်သတဲ့ ကလေးတို့ရေ ...

မိတ်ဆွေစာပေ

# မျိုးဂုဏ်ထိန်းတဲ့ နတ်မြင်းသည်

ကလေးတို့ရေ …

သူရဲကောင်းဆိုတာ လက်ရုံးရည်၊ အစွမ်းထက်ရုံနှင့် မရဘူးနော်။ နှလုံးရည်ပါထက်မြက်နေရမယ်ကွယ့်။ ပုဂံရဲ့နတ်မြင်းသည် သူရဲကောင်းကြီးတွေဟာ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝကြတယ်။

ပုဂံပြည်ကြီးကို သာယာဝပြောအောင်၊ တိုးတက်စည်ပင်အောင် စွမ်းဆောင်နိုင်ခဲ့ကြတယ်။

သူရဲကောင်းကြီး ကျန်စစ်သားကိုယ်တိုင်လည်း ထီးနန်းကို ရတဲ့အခါ မင်းစည်းစိမ်မှာ ယစ်မူးမနေဘူးကွယ့် …

သူမြတ်နိုးတဲ့ ပုဂံပြည်ကြီးအတွက်၊ သူချစ်တဲ့ ပုဂံပြည်သူပြည်သားတွေအတွက်၊ သူကိုးကွယ်အားထားမှီခိုတဲ့ ဗုဒ္ဓသာသနာတော်အတွက် အစွမ်းကုန်ကြိုးပမ်းခဲ့တယ်ဆိုတာ သမိုင်းမှာ အထင်အရှားရှိတယ်ကွယ့်။

နတ်မြင်းသည် သူရဲကောင်းကြီး၊ ကျန်စစ်သားရဲ့ အမျိုးဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ သမိုင်းဝင်ဖြစ်ရပ်တစ်ခုကို ပြောပြချင်သေးတယ်ကွယ့် ...

ကလေးတို့ရေ ...

ကျန်စစ်သားမင်းကြီးမှာ ရွှေအိမ်သည်လို့ခေါ်တဲ့ သမီးတော်လေးတစ်ပါးရှိသတဲ့။

ကျန်စစ်သားမင်းကြီးဟာ သမီးတော်လေးကို အင်မတန်မှ ချစ်မြတ်နိုးလွန်းလို့၊ တပင်တိုင်နန်းနှင့် ထားတော်မူတာပေါ့ကွယ်...

ရွှေအိမ်သည် မင်းသမီးလေးရဲ့ သတင်းကို ပဋိက္ခရားမင်းသားကြားတော့ ပတ္တမြားမျက်ရှင်ပို့ပြီး ကောင်းကင်ကနေ လာသတဲ့။

ပဋိက္ခရားမင်းသားဟာ ရွှေအိမ်သည် မင်းသမီးလေးရဲ့ အထိန်းတော်တွေကို တံစိုးလက်ဆောင်တွေပေးပြီး ရွှေအိမ်သည်လေးကို လူပျိုလှည့်သတဲ့။

မြင်ပါများတော့ယဉ်၊ ခင်ပါများတော့ကြင် ဆိုတဲ့ စကားလို အချိန်ကြာလာတော့ ရွှေအိမ်သည် မင်းသမီးလေးနှင့် ပဋိက္ခရားမင်းသားတို့ဟာ ချစ်ကြိုက်သွားကြတယ်ကွယ့် ...

ကလေးတို့ရေ ...

ပဋိက္ခရားဆိုတာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်၊ ကုလားပြည်ကွယ့်။

ပဋိက္ခရားမင်းသားဟာ ကုလားဘုရင်ရဲ့သားတော်ပေါ့ကွယ်။

ရွှေအိမ်သည် မင်းသမီးနှင့် ပဋိက္ခရားမင်းသားတို့ ချစ်ကြိုက်နေတဲ့သတင်းကို ကျန်စစ်သားမင်းကြီးကြားသိပါလေရော ...

"သမီးတော် ရွှေအိမ်သည်ကို ပဋိက္ခရားမင်းသားနှင့် လက်ထပ်ပေးလိုက်ရင် နောင်ကာလရှည်ကြာလာတဲ့အခါ ပုဂံပြည်ဟာ ကုလားပြည်ဖြစ်တော့မယ်" လို့ မြော်မြင်တွေးခေါ်ပြီး ပဋိက္ခရားမင်းသားနှင့်မပေးစားဖို့ ဆုံးဖြတ်လိုက်သတဲ့။

သမီးတော်ရွှေအိမ်သည်ကို စောလူးမင်းရဲ့သားတော် စောယွမ်းနှင့် လက်ထပ်ပေးလိုက်သတဲ့ကွယ်။

အမြော်အမြင်ကြီးမားစွာနှင့် အမျိုးအနွယ်ကို စောင့်ရှောက်ခဲ့တဲ့ ကျန်စစ်သားမင်းကြီးရဲ့ နှလုံးရည်ပြည့်ဝပုံကတော့ အံ့ဩချီးကျူးပူဇော်ဖို့ သိပ်ကောင်းတယ်ကလေးတို့ရေ ...

ကလေးတို့လည်း

နတ်မြင်းသည် သူရဲကောင်းကြီးတွေလို အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်နိုင်ကြပါစေလို့၊ ဦးဦးဆုတောင်းလိုက်ပါတယ်ကွယ် ...။

# စာအုပ်ရှင် တာပင်ရွှေထီး

## ဘုန်းကံရှင် မင်းတရားရွှေထီး

ကလေးတို့ရေ ...

မြန်မာ့သမိုင်းရဲ့ တောင်ငူခေတ်မှာ အင်မတန်ထင်ရှားတဲ့ ဘုန်းရှင်ကံရှင် မင်းတစ်ပါးပေါ်ထွန်းခဲ့သေးတယ်ကွယ့် ...

အဲဒီမင်းရဲ့အမည်ကတော့ "တာပင်ရွှေထီး"ပါတဲ့ကွယ် ...

ဖွားမြင်ကတည်းက ဦးခေါင်းထက်က ဆံပင်တွေကြားမှာ ထူးထူးခြားခြား ထင်ထင်လင်းလင်း ရွှေရောင်ဆံပင်တစ်ပင် ပါလာတဲ့အတွက် ခမည်းတော်ဖြစ်တဲ့ တောင်ငူဘုရင် မင်းကြီးညိုကိုယ်တိုင် တာပင်ရွှေထီးလို့ နာမည်ပေးခဲ့တာတဲ့ကွယ် ...

တပင်ရွှေထီး ပဋိသန္ဓေရှိစဉ်ကတည်းက မယ်တော်ရဲ့ဝမ်းဗိုက်ကိုခွဲပြီး ကောင်းကင်ထက်က နေလုံးကြီး ဝင်တယ်လို့ အိပ်မက်မက်ခဲ့သတဲ့။

တပင်ရွှေထီး ဖွားတော်မူတဲ့ သက္ကရာဇ် ၈၇၈ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက် ဗုဒ္ဓဟူးနေ့မှာလည်း နေဝန်းမပေါ်ဘဲ မှောင်မိုက်နေသတဲ့။

လေပြင်းမုန်တိုင်းတွေ အရပ်ရှစ်မျက်နှာကတိုက်ခတ်လာပြီး လျှပ်နွယ်လျှပ်ပန်းတွေ တဖြန်းဖြန်းလင်းပြက်သတဲ့။

ဥက္ကာတွေပျံတာ၊ မိုးကြိုးတွေပစ်ချထစ်ချုန်းတာနှင့် မြေလျှင်တွေလှုပ်၊ တော်လဲသံကြီးတွေလည်း ထွက်ပေါ်လာသတဲ့။

စစ်ဆင်တွေ ကျိုးကျိုးကျည်ကျည်အော်မြည်ပြီး စစ်မြင်းတွေကလည်း ဟီကြသတဲ့။

မိုးကြီးသည်းထန်စွာရွာတဲ့အပြင် ရှောက်သီးလုံးပမာဏ မိုးသီးကြီးတွေလည်းကျသတဲ့ကွယ် ...

ထူးထူးခြားခြားမကြုံစဖူး အတိတ်နိမိတ်ထူးတွေကြောင့် ဘုန်းသမ္ဘာကြီးမားပြီး လက်ရုံးတော်အား အစွမ်းထက်မယ့် သားကောင်းအာဇာနည် ဧကန်မလွဲဖြစ်မယ့်သူလို့ နိမိတ်ဖတ်ကြသတဲ့။

ဒီလို မမွေးခင်မှာလည်း ထူးခြားတဲ့အိပ်မက်မြင်မက်တယ်။

မွေးဖွားတဲ့နေ့မှာလည်း မကြုံစဖူး ထူးခြားတဲ့အတိတ်နိမိတ်တွေပေါ်ထွန်းသလို ...

မွေးဖွားပြီး သုံးရက်အကြာမှာလည်း မိုင်းသော်စော်ဘွားဟာ နောက်တော်ပါရှမ်း ၁၀၀၀၊ ဂျွမ်းလူမျိုး မြောက်များစွာနှင့် မင်းကြီးညိုရဲ့ ခြေတော်ရင်းမှာ ခိုဝင်ခစားလာသတဲ့ ...

ဒီဖြစ်ရပ်တွေဟာ သားတော်လေး တပင်ရွှေထီးရဲ့ ဘုန်းကံကြီးမားမှုကြောင့် ဖြစ်လာတဲ့ ဆန်းပြားတဲ့ အတိတ်နိမိတ်ထူးတွေပေါ့ကွယ် ...

တပင်ရွှေထီးလေးအတွက် အထိန်းတော်၊ အချီတော်တွေ ခန့်အပ်ရာမှာ ရှင်ရဲထွတ်(နောင်မှာ ဘုရင့်နောင်ဖြစ်မည့်သူ)နှင့် ခင်ဘုန်းစိုး(နောင်မှာ တပင်ရွှေထီး၏မိဖုရားဖြစ်မည့်သူ)တို့ရဲ့ မိဘနှစ်ပါးလည်း ပါဝင်ကြတယ်ကွယ့်။

သူတို့အမည်က မင်းကြီးဆွေနှင့် ရှင်မျိုးမြတ်တဲ့။ တပင်ရွှေထီးဟာ ရှင်ဘုရင်သားဖြစ်ပေမယ့် ရှင်ရဲထွတ်ကို အထိန်းတော်သားလို့ သဘောမထားဘူးကွယ့်။

တန်းတူရည်တူ သဘောထားပေါင်းပြီး နို့စို့ဖက် ကစားဖက်အဖြစ်နှင့် ပျော်ပျော်ရွှင်ရွှင် ကြီးပြင်းလာခဲ့ကြတယ် ...

တပင်ရွှေထီးနှင့်ရှင်ရဲထွတ်တို့ ကိုးနှစ်သားအရွယ်လောက်မှာ ကေတုမတီတောင်ငူကို အင်းဝဘုရင်နရပတိနှင့် အုံးဘောင်ခုံမှိုင်းတို့ရဲ့ အင်အားကြီးမားလှတဲ့တပ်တွေက လာဝိုင်းတယ်ကွယ့် ...

နေ့စဉ်နေ့တိုင်း တိုက်ပွဲတွေလည်း ဖြစ်ကြတယ်။ တပင်ရွှေထီးနှင့် ရှင်ရဲထွတ်တို့ဟာ အဲဒီအဖြစ်အပျက်တွေကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြတယ်ကွယ့် ...

ရဲစိတ်ရဲမာန်၊ ဇာတိသွေးတွေ တရိပ်ရိပ်တက်လာပြီး စစ်ရေးစစ်ရာကို စိတ်ဝင်စားလာကြသတဲ့။

တပင်ရွှေထီးကို မင်းသားတို့ တတ်အပ်တဲ့အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ် ပညာတွေသင်ကြားပေးတော့လည်း ရှင်ရဲထွတ်နှင့် အတူတူသင်စေသတဲ့ ...၊

သူတို့နှစ်ယောက်ဇလုံးဟာ သတ္တိလည်းရှိ၊ ထက်လည်း ထက်မြက်၊ မလျှော့သောလုံ့လဝီရိယလည်းရှိတာကြောင့် သေနင်္ဂဗျူဟာစစ်ပညာတွေကို ထူးထူးချွန်ချွန် တတ်မြောက်ခဲ့ကြတယ်ကွယ့်။

ကလေးတို့ရေ ...

သက္ကရာဇ် ၈၉၂ ခု၊ နတ်တော်လဆန်း ၅ ရက်၊ ကြာသပတေးနေ့၊ ည သူငယ်အိပ်ဆိတ်အချိန်မှာ တောင်ငူဘုရင်မင်းကြီးညို ကံတော်ကုန်တယ်ကွယ့်။

ရောင်ခြည်တစ်ထောင် အလင်းဆောင်တဲ့နေမင်းကြီး ဝင်သွားတဲ့အခါမှာ ငွေသော်တာလပြည့်ဝန်း တင့်တင့်တယ်တယ် ထွက်လာသလိုပါပဲကွယ် …။

မင်းကြီးညို ကံတော်ကုန်တဲ့ည(၁)ချက်တီးအချိန်မှာပဲ သားတော်တပင်ရွှေထီးဟာ မှူးကြီးမတ်ရာ၊ သေနာပတိ အစုံအညီရှေ့မှာ နန်းသိမ်းမင်္ဂလာပြုခဲ့သတဲ့။

အဲဒီအချိန်က တပင်ရွှေထီးမင်းရဲ့အသက်ဟာ ဆယ့်လေးနှစ်ကျော်ပဲ ရှိသေးတယ်ကွယ့်။

စေတုမတီမင်းအဖြစ်ကို ရရှိပြီးတဲ့နောက်မှာ သူ့အပေါ်ကျေးဇူးကြီးမားတဲ့အထိန်းတော်၊ အချိတော်တွေ အပါအဝင် မင်းဆွေမင်းမျိုးနှင့် မှူးတော်မတ်တော်တွေကို ဘွဲ့ထူး၊ ဂုဏ်ထူးတွေနှင့်အဆောင်အယောင်တွေ ချီးမြှင့်တော်မူသတဲ့ …။

ရှင်ရဲထွတ်ရဲ့ခမည်းတော်မင်းကြီးဆွေကို ခမည်းတော်အရင်းကဲ့သို့ အရိုအသေ အလေးအမြတ်ပြုပြီး "မင်းရဲသိင်္ခသူ"ဆိုတဲ့ဘွဲ့အမည် ချီးမြှင့်ပြီး …

နို့စို့ဖော်၊ ကစားဖက်၊ ရှင်ရဲထွတ်ကိုတော့ "ကျော်ထင်နော်ရထာ"ဆိုတဲ့ ဘွဲ့အမည် ချီးမြှင့်သတဲ့ကွယ်။

ပိတ်ဆေ့စာပေ

အထူးကဲဆုံးကတော့ ကျော်ထင်နော်ရထာရဲ့ နမတော် ခင်ဘုန်းစိုးကို မိဖုရားမြှောက်ပြီး၊

သူ့ရဲ့အဖေတူ အမေကွဲ အစ်မတော် သခင်ကြီးကို သူ့ချစ်သူ ကျော်ထင်နော်ရထာနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်ခြင်းပဲဖြစ်တယ် ကလေးတို့ရေ …။

မိတ်ဆွေစာပေ

# သူ့ရဲ့ကောင်းချီးပွဲ

ကလေးတို့ရေ ...

တစ်နေ့မှာတော့ မင်းတရားရွှေထီးရဲ့ညီလာခံသဘင်တစ်ခုလုံး အုံးအုံးကျွက်ကျွက် အထိတ်တလန့်ဖြစ်သွားရတယ်ကွယ့် ...၊

မဖြစ်ဘဲ နေပါ့မလားကွယ် ...၊

တပင်ရွှေထီးမင်း(၁၇)နှစ်အရွယ်ကိုရောက်ပြီဖြစ်တဲ့အတွက် နားထွင်းမင်္ဂလာပြုလုပ်ဖို့ မှူးမတ်ပညာရှိတွေ လျှောက်ထားတာကို၊

"ဟံသာဝတီနေပြည်တော်က ရွှေမော်ဓောစေတီတော်မှာ ပြုလုပ်ချင်တယ်" လို့

တပင်ရွှေထီးမင်းက မိန့်လိုက်တာကိုး၊

ဟံသာဝတီဆိုတာက ကေတုမတီတောင်ငူရဲ့ရန်သူ့မင်းနေပြည်။

ရွှေမော်ဓောစေတီကလည်း နေပြည်တော်နှင့်ကပ်လျက် ...
အသက်အန္တရာယ်ထိပါးနိုင်တဲ့နေရာကိုမှ နားထွင်းမင်္ဂလာပြုချင်သတဲ့လေ။

ပြီးတော့ ...

ဘယ်ရှင်ဘုရင်မှ ဘုရားစေတီမှာ နားထွင်းမင်္ဂလာပြုရိုးထုံးစံမရှိဘူး။

ရွှေနန်းတော်မှာပဲ ပြုမြဲဖြစ်တယ်ကွယ့်။

ဒီအကြောင်းတွေကို ကျိုးကြောင်းပြပြီး မှူးမတ်တွေက လျှောက်ထားကန့်ကွက်ကြတာပေါ့။

ဒါပေမယ့် ကျော်ထင်နော်ရထာရဲ့ ခမည်းတော်အထိန်းတော်ကြီး မင်းရဲသိခ်သူကတော့ ထောက်ခံအားပေးသတဲ့ ...၊

"မြတ်ဘုရားရှင်ရဲ့ ဆံတော်ဓာတ်မြတ်ကိန်းဝပ်ရာ ရွှေမော်ဓောစေတီတော်မြတ်ရဲ့ရင်ပြင်မှာ နားထွင်းမင်္ဂလာ ဆင်ယင်မယ်ဆိုတာ အလွန်သင့်မြတ်လှပါတယ် ...၊

စေတီတော်မြတ်တည်ရှိရာ ကုန်းတော်ဟာလည်း ရှေးအစဉ်အလာအရ ဘူမိနက်သန်အောင်မြေဖြစ်ပါတယ်။

မိတ်ဆွေစာပေ

ဤအောင်မြေမှာ မင်္ဂလာပြုခြင်းဖြင့် ရန်သူအားလုံး အရှင့်ခြေတော်အောက် ညွတ်ခရောက်ရှိမယ့် အတိတ်ထူးနိမိတ်ထူး ဖြစ်ပါတယ်"

ကျော်ထင်နော်ရထာကလည်း ယောက်ဖတော် တပင်ရွှေထီးကို ထောက်ခံသတဲ့။

"နန်းသိမ်းပွဲမင်္ဂလာပြီးတဲ့နောက်မှာ နားထွင်းတော်မင်္ဂလာဟာ အမွန်အထူးဖြစ်ပါတယ်။

ဒီလိုမင်္ဂလာတော်ကိုပြုဖို့ ကြီးကျယ်မြင့်မြတ်တဲ့ အောင်မြေ လိုအပ်ပါတယ်။

ရွှေမော်ဓောစေတီမှာပြုလုပ်လျှင် မင်္ဂလာလည်းပြီးစီး၊ အောင်မြေ နင်းပြီးလည်းဖြစ်ပါမယ် ...၊

ရန်သူ့နယ်မြေထဲသွားရမည့်အတွက်လည်း စိုးရိမ်တွေးတော စရာမလိုပါ။

ကေသရာဇာခြင်္သေ့မင်း၊ ရွှေဂူထဲက ထွက်တော်မူလျှင် သားသတ္တဝါအပေါင်းတို့ တုန်လှုပ်ချောက်ချား ဝေးရာကို ရှောင်ရှားသလို ရန်သူတွေလည်း ဝေးရာကို ရှောင်ကြရမှာ ဖြစ်ပါတယ် ...။

သည်အရေးကိစ္စအတွက် ကျွန်တော်မျိုးက အရှင့်ရှေ့တော်မှ သက်စွန့်ကြိုးပမ်း ထမ်းရွက်လိုပါတယ် ..."

မင်းရဲသိမ်သူနှင့် ကျော်ထင်နော်ရထာတို့သားအဖရဲ့ လျှောက်တင်ချက်အဆုံးမှာ

မင်းတရားရွှေထီး လက်ရုံးတော်ဆန့်တန်းပြီး ကြုံးဝါးတော်မူသတဲ့ ...

"ရွှေမော်ဓောစေတီတော်မြတ်သို့ ငါကိုယ်တော်ထွက်ကြွမယ်။ ဘယ်သူငါ့ကို ရန်ပြုဝံ့မလဲ ..."

အဲဒီနောက်မှာတော့ ကျော်ထင်နော်ရထာရဲ့ စီမံကွပ်ကဲမှုနှင့် အစီအစဉ်ဆွဲကြသတဲ့၊

ကလေးတို့ရေ ...

ဒီကိစ္စက တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် စစ်တိုက်ဖို့သွားမှာ မဟုတ်ဘူးလေ။

ဒါကြောင့်လည်း ကျော်ထင်နော်ရထာက သူရသတ္တိနှင့် ပြည့်စုံတဲ့အာဇာနည်သူရဲကောင်းငါးရာနှင့်ပဲ သွားမယ်လို့ တင်လျှောက်တယ် ...

မင်းတရားရွှေထီးကလည်း သဘောကျတယ်ကွယ့်။

ဒီလိုနှင့်သူရဲကောင်းရွေးပွဲကျင်းပဖို့ဖြစ်သွားတာပေါ့ကွယ် ...

ကလေးတို့ရေ၊ ...

သူရဲကောင်းရွေးပွဲကျင်းပမယ့်နေ့မှာ အရွေးခံချင်တဲ့လူငယ်တွေဟာ နန်းရင်ပြင်အပြည့်ရောက်နေကြသတဲ့။

သူတို့ကို ဘုရင့်အမိန့်နှင့် မလာမနေရဆိုပြီး အတင်းအဓမ္မခေါ်ထားတာ မဟုတ်ဘူးနော် ...

ရဲရင့်တဲ့အသိနှင့် သတ္တိသွေးရဲရဲနီတာ ပြချင်တဲ့သံမဏိစိတ်ဓါတ်နှင့် လူငယ်တွေ ကိုယ့်ဘာသာလာရောက်ကြတာ ဖြစ်တယ်ကွယ့်။

ဒီလိုနှင့်သူရဲကောင်းရွေးဖို့ အချိန်ကျလာတယ်။

သူရဲကောင်းရွေးပုံရွေးနည်းက ...

လက်မထိပ်ကိုအပ်စိုက်၊

ပြီးတော့၊ တူနှင့်ရိုက်တယ်။

အပ်စိုက်၊ တူနှင့်ရိုက်တာ ခံလိုက်ရုံနှင့်တော့ သူရဲကောင်းမဖြစ်ဘူးနော် ...၊

အပ်ကိုတူနှင့်ရိုက်လိုက်တဲ့အချိန်မှာ ရုတ်တရက်အော်မိ၊ ညည်းမိတဲ့သူ၊ တွန့်သွားသူ၊ တုန်လှုပ်သွားသူ၊ နောက်ဆုတ်သွားသူ၊

သူရဲကောင်းအရွေးမခံရဘူးကွယ့် ...၊

စည်းကမ်းနှင့်ညီညွတ်သူသာ သူရဲကောင်းအဖြစ် အရွေးခံရသတဲ့ ...၊

ပထမဦးဆုံး ကျော်ထင်နော်ရထာက အစမ်းသပ်ခံတယ်ကွယ့်၊

ခေါင်းဆောင်ဆိုတာ ခေါင်းဆောင်ကောင်း ပီသကြောင်းပြရတယ် မဟုတ်လား ...၊

ကျော်ထင်နော်ရထာဟာ စမ်းသပ်မယ့်နေရာကိုသွားတယ်။

ခုံပေါ်မှာ လက်မကို တောင့်နေအောင်ထောင်ပြီး ခံလိုက်တယ်။

စမ်းသပ်တဲ့သူက

ကျော်ထင်နော်ရထာရဲ့ လက်မထိပ်မှာ အပ်စိုက်ပြီး တူနှင့်တစ်ချက်တည်း ရိုက်သွင်းလိုက်တယ်။

အပ်က အဖျားကနေ အဆုံးထိအောင် လက်မထဲနစ်ဝင်သွားတယ်ကွယ့် ...၊

ကျော်ထင်နော်ရထာရဲ့ မျက်နှာဟာ ပြောင်းလဲမသွားဘူး။

ပကတိပုံမှန်အတိုင်းပဲတဲ့။

တွန့်ခြင်း၊ ဆုတ်ခြင်းလည်း မဖြစ်ဘူးတဲ့ကွယ့်။

အားလုံးက တခဲနက်ဩဘာပေးကြတာပေါ့ကွယ် ...၊

အဲဒီနောက်မှာတော့ - သတ္တိသွေးရဲရဲနီတဲ့လူငယ်တွေ၊ တစ်ယောက်ပြီးတစ်ယောက်၊

နောက်၊ တစ်ယောက်ပြီးတစ်ယောက် ...

အစမ်းသပ်ခံကြသတဲ့။

သူရဲကောင်းစာရင်းဝင်တဲ့လူငယ်တွေရှိသလို အချို့ကျတော့လည်း အနည်းငယ်၊ တွန့်ဆုတ်မိ၊ ညည်းညူမိလို့ သူရဲကောင်းစာရင်း မဝင်ဘဲ အပယ်ခံကြရတယ်ကွယ့် ...၊

ကလေးတို့ရေ ...

အပယ်ခံရတဲ့အထဲမှာ ဗလရဲထင်ဆိုတဲ့ တပ်မှူးတစ်ယောက်လည်းပါသွားသတဲ့ ...၊

ဗလရဲထင်ဟာ ဟိုးအရင်ကတည်းက သူရဲကောင်းဘွဲ့ရပြီးသားတဲ့။

ဒီရွေးချယ်ပွဲမှာလည်း သူ့ရဲ့သတ္တိသွေးကို ပြချင်လို့ ဝင်ပြီး အရွေးခံတာတဲ့၊

ဖြစ်ချင်တော့ ...

အပ်ကိုတူနှင့်ရိုက်လိုက်တဲ့အချိန်မှာ ရုတ်တရက်လက်က တွန့်သွားမိတယ်ကွယ့် ...။

သူရဲကောင်းလို့ ကိုယ့်ကိုယ်ကို သတ်မှတ်ထားရင်၊ သွေးကြောင်တယ်လို့ အထင်ခံရမှာကို သေတာထက် ကြောက်ကြတယ်ကွယ့်။

ခုလည်း ဗလရဲထင်ဟာ သိပ်ရှက်သွားတယ်။

မခံချင်စိတ်နှင့် သူသတ္တိရှိကြောင်း ပြချင်တယ်။

သူဟာ ခါးကြားက ဓားမြောင်ကိုထုတ်ပြီး ရုတ်တရက်၊ သူ့ဝမ်းဗိုက်ကို ခွဲချလိုက်တယ်။

အူတစ်စကိုထုတ်ပြီး ကျော်ထင်နော်ရထာကို ကိုင်ထားစေတယ်။

ပြီးတော့ – နောက်ကို အပြေးဆုတ်သွားတယ်။

အူဆုံးတာနှင့်မတ်ရပ်ကလဲကျပြီး သေခြင်းကိုခံယူသွားတယ်ကွယ့်။

မင်းတရားရွှေထီးက ဗလရဲထင်ကို

"မိုက်တော့ မိုက်တယ်၊ ဒါပေမယ့် သတ္တိမရှိဘူး" လို့ မှတ်ချက်ချသတဲ့။

ကလေးတို့ရေ ...

သတ္တိရှိတာနှင့် မိုက်တာဟာ ဆီနှင့်ရေလို ကွာခြားတယ်ကွယ့်နော်။

ကိုယ်ကျိုးစွန့်ပြီး အများအကျိုးလုပ်ဆောင်ရဲမှ သတ္တိရှိသူလို့ ခေါ်တာကွယ့်။

ဆင်ကန်းတောတိုး၊ အကျိုးအကြောင်း မဆင်ခြင်ဘဲ လုပ်တာနှင့်

မိမိအတွက်ရော၊ အခြားသူတစ်ပါးအတွက်ရော အကျိုးမရှိတဲ့ ကိစ္စလုပ်တဲ့သူကို လူမိုက်လို့ခေါ်တယ်ကွယ့် …။

ဗလရဲထင်ရဲ့ အဖြစ်အပျက်က ဒီနေ့ထိ သခ်ၤန်းစာပေးနေ တာပေါ့ကွယ် …

ကလေးတို့လည်း …

သတိရှိရမယ်နော် …၊

မိုက်မဲတဲ့အလုပ်တော့ ဘယ်တော့မှ မလုပ်မိကြစေနှင့်နော်။

*

ဝေါသေ့စာပေ

## ရန်သူ့မြေသို့ ...

ကလေးတို့ရေ ...

မင်းတရားရွှေထီးဟာ အခါတော်သင့်ချိန်မှာ ရန်သူ့မြေ ဟံသာဝတီကို ထွက်ကြွခဲ့ကြတယ်ကွယ်။

သတ္တရုဇေယျမြင်းတော်ကို စီးထားတဲ့ တပင်ရွှေထီးကို ပုဏ္ဏားတော်တွေနှင့် အမတ်တွေ ခြံရံထားတယ်ကွယ် ...၊

မြင်းစီးသူရဲကောင်းငါးရာကလည်း နတ်စစ်သည်တွေပမာ ဝင့်ဝင့်ကြွားကြွား ချီတက်လာကြတယ် ...။

တပ်ပေါင်းစုရဲ့ ရှေ့ဆုံးမှာတော့ မြင့်မားစွင့်ကားတဲ့ မြင်းကြီးကို စီးလာတဲ့ကျော်ထင်နော်ရထာဟာ မင်းတရားရွှေထီးချီးမြှင့်တဲ့ ကျောက်စီဓားကို စွဲကိုင်ထားသတဲ့ ...၊

တပင်ရွှေထီးရဲ့တပ်ဟာ ဟံသာဝတီကို ပုန်းလျှိုးကွယ်လျှိုး မချီတက်ဘဲ အတီအလင်း ထင်ထင်ရှားရှား ရဲရဲဝံ့ဝံ့ ချီတက်ခဲ့ခြင်း ဖြစ်တယ်ကွယ် ...။

တဖြေးဖြေးနှင့်ကေတုမတီရဲ့ပိုင်နက်နယ်မြေကို ကျော်လွန်ပြီး ဟံသာဝတီနယ်မြေထဲရောက်လာကြတယ် ...။

ဒါပေမယ့် ... မင်းတရားရွှေထီးရဲ့ ဘုန်းတေဇာဂုဏ် ...

ကျော်ထင်နော်ရထာအမှူးပြုတဲ့ သူရဲကောင်းငါးရာရဲ့ သူရသတ္တိဂုဏ်တွေကြောင့် ...

ဟံသာဝတီမင်းရဲ့နယ်ပယ်အစောင့်အရှောက် စစ်သည်တွေဟာ အဆီးအတားပြု တိုက်ခိုက်ဖို့ နေနေသာသာ၊ အနားကိုတောင် မသိဝံ့ကြဘူးတဲ့ကွယ့် ...။

ဒီလိုနဲ့ မင်းတရားရွှေထီးရဲ့ တပ်တော်ဟာ ဟံသာဝတီ နယ်ပယ်ကို ဖောက်ထွင်းပြီး ရွှေမော်ဓောစေတီရဲ့ ခြေတော်ရင်းကို ဘေးမသီရန်မခ ရောက်လာကြတာပေါ့ကွယ် ...။

ကျော်ထင်နော်ရထာဟာ မြင်းသည်တော်သူရဲကောင်းငါးရာကို ရွှေမောဓောစေတီရဲ့ပတ်ပတ်လည်မှာ အထပ်ထပ်နေရာချထားတယ်။

မင်းတရားရွှေထီးရဲ့ နားထွင်းမင်္ဂလာပွဲပြုနေတဲ့အချိန်မှာ ဘယ်ရန်သူတစ်ဦးတစ်ယောက်မှ ကုန်းတော်ပေါ် မတက်နိုင်အောင် အထူးစောင့်ရှောက်ဖို့ မှာကြားသတဲ့ ...။

လုံခြုံရေးစိတ်ချရပြီဆိုမှ မင်းတရားရွှေထီးနှင့် ပုဏ္ဏားတော်တွေ မှူးမတ်တွေရှေ့ကနေ ကျောက်စီဓားကို အသင့်စွဲကိုင်ပြီး ကုန်းတော်ပေါ်တက်ခဲ့ကြတယ်ကွယ့် ...။

ကလေးတို့ရေ ...

မင်းတရားရွှေထီးနှင့် လက်ရွေးစင်မြင်းစီးသူရဲကောင်းတွေ နားထွင်းမင်္ဂလာပြုဖို့ ရွှေမော်ဓောစေတီပေါ် ရောက်ရှိနေကြောင်းကို ဟံသာဝတီမင်း သူရှင်တကာရှုတ်ပိကြားသိသွားသတဲ့။

ကိုယ့်နယ်မြေကို ကျူးကျော်ပြီး မင်းနေပြည်ထိရောက်လာ စော်ကားခံရတဲ့အတွက် ... ဒေါသအမျက်ပြင်းစွာ ထွက်တာပေါ့ကွယ် ...။

ချက်ချင်းပဲ၊ အားထားရတဲ့ အမတ်စစ်သူကြီးတွေခေါ်တယ်။

"တပင်ရွှေထီးရဲ့တပ်ကိုဝိုင်းပြီး တိုက်ရမယ်"

မင်းတရားရွှေထီးကို လက်ရအရှင်ဖမ်းခဲ့ကြ၊ လက်မလွှတ်စေနှင့် ငါကိုယ်တိုင်ဆုံးမတော်မူမယ်" လို့ မိန့်တော်မူသတဲ့။

ဟံသာဝတီတပ်တွေဟာ ရွှေမော်ဓောစေတီကို ချီတက်လာကြတယ်။

စေတီတော်ခြေရင်းမှာ မြင်းစီးသူရဲကောင်းတွေ အသင့်စောင့်နေတာတွေ့တော့ ရှေ့မတိုးရဲတော့ဘူးတဲ့။

မိတ်ဆွေစာပေ

အဝေးကပဲ ဝန်းရံထားသတဲ့။

အဲဒီအချိန်မှာ မင်းတရားရွှေထီးကလည်း နားထွင်းမင်္ဂလာ အခမ်းအနားစပြီး ဆောင်ရွက်နေပြီကွယ့် ...။

ရန်သူဟံသာဝတီတပ်တွေ ဝန်းရံလာတဲ့သတင်းကိုကြားတော့ မှူးမတ်အချို့က တုန်လှုပ်ကြသတဲ့။

"ရန်သူတပ်တွေကို ဂရုစိုက်စရာအကြောင်းမရှိ၊ နားထွင်း မင်္ဂလာအမှုကိုသာ ပြီးမြောက်အောင်ပြုကြ၊ ငါ၏နားကို တည့်အောင် ထွင်း၊ ပြီးလျှင် ငါကိုယ်တော်တိုင် ရန်သူကို ဖြိုဖျက်တိုက်ခိုက်မယ်"

တပင်ရွှေထီးရဲ့ ရဲရင့်တဲ့ မိန့်တော်သံကိုကြားမှ ပုဏ္ဏား တော်တွေ၊ မှူးမတ်တော်တွေ ရဲဝံ့သွေးကြွလာတယ်ကွယ့်။

မင်္ဂလာအမှုကိုလည်း တပျော်တပါးပြုလုပ်ကြတယ်။

တပင်ရွှေထီးဟာ နားထွင်းမင်္ဂလာပြုပြီး ဥသျှောင်ထုံးမင်္ဂလာပါ တစ်ဆက်တည်းပြုလုပ်သတဲ့။

မင်္ဂလာကိစ္စတွေအားလုံးပြီးတော့ ရွှေမော်ဓောစေတီကို ဦးခိုက် ရှိခိုးတယ်။

"ဟံသာဝတီပြည်အလုံးကို အောင်နိုင်ပြီး ရွှေမော်ဓော အရှင် မြတ်ကို အစဉ်မပြတ် ကိုးကွယ်ဆည်းကပ်နိုင်သူဖြစ်ရပါလို၏" လို့ လည်းဆုတောင်းသတဲ့။

မင်္ဂလာအမှုကိစ္စအားလုံးပြီးတာနှင့် မင်းတရားရွှေထီးဟာ ရပ်ပြင် တော်ပေါ်က ဆင်းလာခဲ့တယ်။

အသင့်စောင့်နေတဲ့ မြင်းတော်ကိုစီးမိတာနှင့် ...

"ကေတုမတီ တောင်ငူဘုရင် တပင်ရွှေထီးတဲ့၊ ဇံ့ဘုန်းဒဏ်ကို ဘယ်သူအာခံဝံ့မတုန်း" လို့ တစ်ခဲနက်ကြွေးကြော်လိုက်တယ်ကွယ့်။

ပြီးတော့၊ ပိုင်းရံထားတဲ့ ရန်သူတပ်ထဲကို တစ်ဟုန်ထိုး စိုင်းနှင်သွားသတဲ့ ...၊

ကျော်ထင်နော်ရထာကလည်း မင်းတရားရွှေထီးနှင့်မခွဲမခွါ ဓားလွတ်ကိုင်ပြီး လိုက်ပါတယ်ကွယ့် ...၊

အဲဒီနောက်ကမှ ကိုယ်ရံတော်သူရဲကောင်းငါးရာနှင့် မှူးတွေ မတ်တွေ တစ်ပြိုင်တည်း လိုက်ပါသွားကြတယ် ...၊

ဝန်းရံထားတဲ့ ဟံသာဝတီတပ်တွေဟာ၊ တစ်ဟုန်ထိုးဒုန်းစိုင်း ဝင်လာတဲ့ တပင်ရွှေထီးနှင့်တပ်တွေကို ရင်မဆိုင်ဝံ့ဘဲ ဘေးကို ရှဲပေးလိုက်ကြရတယ်ကွယ့်။

တစ်ဟုန်ထိုး ဖောက်ထွင်းချီတက်သွားတဲ့ တပင်ရွှေထီးရဲ့ တပ်တွေကို တအံ့တဩကြည့်ရင်းနှင့် ကြက်သေသေကျန်ခဲ့ကြ သတဲ့။

မိတ်ဆွေစာပေ

မင်းတရားရွှေထီးဟာ ကေတုမတီကို ဘေးမသိ ရန်မခ ပြန်လည်ရောက်ရှိခဲ့တယ်ကွယ့်။

ဒီအဖြစ်လေးဟာ နောင်အခါ စစ်ဘုရင်တစ်ဆူ ဖြစ်လာမယ့် မင်းတရားရွှေထီးရဲ့ ကနဦးအောင်ပွဲတစ်ခုလည်း ဖြစ်ခဲ့သတဲ့ကွယ်။

မိတ်ဆွေစာပေ

## ဟံသာဝတီစစ်မြေပြင်မှာ

ကလေးတို့ရေ ...

မင်းတရားရွှေထီးဟာ ယောက်ဖတော်ကျော်ထင်နော်ရထာနှင့်တိုင်ပင်ပြီး ကေတုမတီရဲ့ စစ်အင်အားကို တိုးချဲ့ခဲ့တယ်ကွယ့်။

သက္ကရာဇ် ၈၉၄ ကနေ ၈၉၆ ထိ စစ်ရေးကို အကြီးအကျယ်ပြင်ဆင်ခဲ့သတဲ့။ စစ်ဆင်၊ စစ်မြင်းတွေ ရဲမက်အင်အားတွေ စုဆောင်းပြီးရဲမက်တွေကို သေနင်္ဂဗျူဟာအတတ်တွေ သင်ကြားပေးတယ်ကွယ့်။

အထူးသဖြင့် မြေပြင်စစ်ချီရာမှာ အရေးပါတဲ့မြင်းတပ်ကိုဂရုစိုက်ဖွဲ့စည်းသတဲ့။

ပြီးတော့ လက်ရွေးစင်မြင်းသည်တော်နှစ်ကျိပ်ရှစ်ဦးပါဝင်တဲ့အထူးမြင်းတပ်ကိုလည်း ဖွဲ့စည်းခဲ့တယ်ကွယ့်။

သူတို့ဟာ မြင်းလျင်တကာ် နှစ်ကျိပ်ရှစ်ဦးလို့ ထင်ရှားပြီးကျော်ထင်နော်ရထာနှင့်အတူ ပြည်ထောင်ဖက်ရဲဘော်ကြီးတွေလည်းဖြစ်ကြသတဲ့။

ဒီလိုနှင့် သက္ကရာဇ် ၈၉၆ ရောက်တော့ တပင်ရွှေထီးဟာ အင်အားကြီးမားပြီး စွမ်းရည်ထက်တဲ့ စစ်သည်အင်အားကို ပိုင်ဆိုင်နေပြီတဲ့ကွယ် ...၊

စစ်အင်အားကြီးမားလာတော့ လက်ရုံးစွမ်းရည်ကို ပြချင်လာတာပေါ့ကွယ် ...။

သူတို့ဟာ ဟံသာဝတီကို ပစ်မှတ်ထားပြီး သွားတိုက်လိုက်၊ ပြန်ဆုတ်ခွါလိုက်နှင့် သုံးကြိမ်တိုင်အောင် စစ်ကစားကြသတဲ့။

တတိယအကြိမ်မှာတော့ ဟံသာဝတီမင်း သုရှင်တကာရွတ်ပိက တပင်ရွှေထီးတပ်ကို အရဲကိုးပြီး ထွက်တိုက်တယ်ကွယ့် ...

ဟံသာဝတီတပ်တွေဟာ ရှေ့ဦးရှိလာတဲ့ ကျော်ထင်နော်ရထာရဲ့ တောင်ငူတပ်နှင့် ကောလိယအရပ်မှာတွေ့ပြီး တိုက်ပွဲဖြစ်ကြတယ်။

အင်အားချင်းကွာပေမယ့် ကျော်ထင်နော်ရထာရဲ့ စီမံကွပ်ကဲမှုကြောင့် ဟံသာဝတီတပ်ပျက်ပြီး ဆုတ်ခွာသွားရတယ်ကွယ့်။

ဟံသာဝတီတပ်မှူးသမိန်ပရူနှင့် ဆင်မြင်းလက်နက် သုံ့ပန်းအများအပြားကို ဖမ်းဆီးရမိလိုက်သတဲ့။

မင်းတရားရွှေထီးတပ်ဆိုက်ရောက်လာတော့ ဖမ်းဆီးရမိသမျှဆက်သတယ်။

မင်းတရားရွှေထီးဟာ ယောက်ဖတော်ကျော်ထင်နော်ရထာကို အားရနှစ်သက်တော်မူလို့ သူ့ရဲ့စီးတော်မြင်းကို ချီးမြှင့်လိုက်သတဲ့။

အဲဒီနောက်မှာတော့ မင်းတရားရွှေထီးဟာ ကျော်ထင်နော်ရထာရဲ့ အကြံပေးချက်အတိုင်း ခိုင်ခန့်လုံခြုံတဲ့ ဟံသာဝတီကို မတိုက်သေးဘဲ ဟံသာဝတီလက်အောက်ခံမြို့ရွာအများအပြားကို စစ်ကြောင်းတွေခွဲပြီး တစ်ပြိုင်တည်းတိုက်ခိုက်သိမ်းပိုက်ကြတယ်ကွယ့် ...၊

နောက်တစ်ကြိမ်ဟံသာဝတီကို စစ်ချီရာမှာတော့ အရင်လို ကြည်းတပ်တစ်ခုတည်းမဟုတ်တော့ဘူးကလေးတို့ရေ ...၊

တိုက်လှေနှစ်ရာကျော်ပါဝင်တဲ့ရေတပ်ကြီးပါ ပါဝင်သတဲ့။

ဟံသာဝတီမင်းဟာ

ယခင်ကအကြိမ်ကြိမ် ခုခံနိုင်ခဲ့ပေမယ့် သည်တစ်ကြိမ်တော့ တောင့်ခံနိုင်မှာမဟုတ်ဘူးလို့ တွေးသတဲ့။

ဒါနဲ့ပဲ လက်နက်လူသူ၊ စစ်သည်ဗိုလ်ပါတွေစုပြီး ဟံသာဝတီကနေထွက်ပြီး ပြည်သရေခေတ္တရာကို ဧရာဝတီမြစ်အတိုင်း ဆန်တက်တိမ်းရှောင်သွားသတဲ့ကွယ် ...။

မင်းတရားရွှေထီးရဲ့တပ်တွေဟာ ဟံသာဝတီကို အလွယ်တကူပဲ သိမ်းပိုက်လိုက်ကြတာပေါ့ကွယ် ...။

မိုးဒေလှစာပေ

# နောင်ရိုးသူ့ရဲ့ဂေဟာင်း

## နောင်ရိုးတိုက်ပွဲ

ကလေးတို့ရေ ...

ကေတုမတီမင်းတရားရွှေထီးရဲ့တပ်တွေ အလုံးအရင်းနှင့် ချီတက်လာတယ်ဆိုရင်ပဲ ...

ဟံသာဝတီမင်း သုရှင်တကာရွတ်ပိဟာ တောင်ငူစစ်ကို မခံနိုင်လောက်ဘူးလို့ တွေးတယ်။

အဲဒီကြောင့် တောင်ငူစစ်မရောက်ခင်မှာဘဲ ဆင်၊ မြင်း၊ ရဲမက်ဗိုလ်ပါတွေစုပြီး ပြည်ကိုထွက်ပြေးသွားတယ်ကွယ့် ...

မင်းတရားရွှေထီးရဲ့တပ်တွေဟာ ဟံသာဝတီကို အလွယ်တကူပဲ သိမ်းလိုက်ကြတာပေါ့ကွယ် ...

ဟံသာဝတီကို ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်ပြီး မြို့စောင့် တပ်ချထားတယ်ကွယ့်။

ပြီးတာနှင့် အချိန်မဆိုင်းဆဲ ထွက်ပြေးသွားတဲ့ ဟံသာဝတီ ဘုရင်နောက်ကို လိုက်ကြတာပေါ့ကွယ် ...၊

တပင်ရွှေထီးကို ရေကြောင်းကနေ အေးဆေးသက်သာ ချီစေပြီး ကျော်ထင်နော်ရထာကတော့ ဟံသာဝတီတပ်တွေကို မီအောင် ရှေ့ကနေ အပြင်းချီတက်သတဲ့။

ကြည်းကြောင်းချီလာတဲ့ ကျော်ထင်နော်ရထာဟာ နောင်ရိုး ချောင်းကိုရောက်တော့ တပ်ချရပ်နားကြတယ်။

အဲဒီအချိန်မှာ ရန်သူတပ်ကလည်း နောင်ရိုးချောင်းကို ဖြတ် ကျော်ပြီး ခပ်ဝေးဝေးမှာ စခန်းချနေကြတယ်ကွယ့် ...

ကျော်ထင်နော်ရထာက ရဲမက်တစ်ယောက်ကို သစ်ပင်မြင့် ကြီးပေါ် တက်ခိုင်းတယ်။

ဟံသာဝတီတပ်တွေရဲ့ အင်အားကို ခန့်မှန်းခိုင်းတယ်။

ရဲမက်ရဲ့ခန့်မှန်းချက်ကြောင့် ရန်သူတွေမှာ တိုက်ဆင် ၂၀၀ ကျော်၊ မြင်း ၈၀၀ ကျော်နှင့် စစ်သည်ရဲမက်အင်အား ၈၀၀၀၀ ကျော်ရှိတယ်ဆိုတာ သိလိုက်ရတယ်ကွယ့် ...

ကိုယ့်မှာရှိတာက ဆင် ၅၀၊ မြင်း ၅၀၀နှင့် စစ်သည်တစ်သောင်းထဲဆိုတော့ အင်အားချင်း အဆမတန်ကွာနေတာပေါ့ကွယ်။

ဘာပဲဖြစ်ဖြစ်၊ သူရဲကောင်းကြီးကျော်ထင်နော်ရထာကတော့ မတုန်လှုပ်ဘူးကွယ့်နော် ...

"စစ်တို့ရဲ့သဘောမှာ အင်အားနည်းတာ၊ များတာ အဓိက မဟုတ်၊

သူရသတ္တိနှင့်စစ်ပရိယာယ်ဆင်ရာမှာသာ အဓိကဖြစ်တယ်" လို့ ပြောပြီး သူ့တပ်ကြီးကူးပို့ဖောင်တွေအမြန်ဖွဲ့ခိုင်းသတဲ့ ...။

ဖောင်တွေဖွဲ့ပြီးကူးလို့ တပ်အားလုံး ဟိုတက်ကမ်း အရောက်မှာ ...

တပင်ရွှေထီးလွှတ်လိုက်တဲ့ မြင်းသည်တော် ဆယ်စီးရောက်လာတယ်။

"ရန်သူကိုတွေ့ရင် မတိုက်နှင့်ဦး၊

ငါရောက်မှ တိုက်မယ်" လို့ တပင်ရွှေထီးက ပြောခိုင်းလိုက်တာကွယ့် ...၊

ကျော်ထင်နော်ရထာကတော့ ရဲရဲရင့်ရင့်ပဲ။

"အရှင့်ဘုန်းတော်ကြောင့် တိုက်ပွဲအောင်မြင်ပြီးပြီလို့ လျှောက်လိုက်ပါ" လို့ မြင်းသည်တော်တွေကို မှာလိုက်သတဲ့။

အဲဒီနောက်မှာ ဖောင်တွေအားလုံးကို ဖျက်ခိုင်းတယ်

ပါလာတဲ့ မှူးမတ်စစ်သည်တွေ လန့်သွားကြတာပေါ့ကွယ်

...

စစ်ကိုမတိုက်ရသေးဘဲနဲ့ အောင်မြင်ပြီးပြီလို့ မင်းတရား ရှေ့ထီးကို လျှောက်ခိုင်းတယ်။

ရန်သူအင်အားက ကိုယ့်ထက်အဆမတန်များတယ်။

မတော်လို့စစ်ရှုံးရင် ဘုရင်ပေးတဲ့အပြစ်ကို ခံရတော့မယ်

...၊

ခုတစ်ခါ၊ ဖောင်တွေကို ဖျက်ခိုင်းပြန်ပြီ။

စစ်ရေးမလှချင် ဖောင်တွေမရှိဘဲ၊ ဘာနဲ့ဆုတ်ခွါပြေးရမှာလဲ။

ဘဝင်မကျတဲ့ မှူးမတ်အချို့က အကျိုးအကြောင်းပြောပြီး လျှောက်တယ်။

"စစ်ထွက်လာကတည်းက အသက်ကိုစွန့်လွှတ်ခဲ့ကြပြီး ဖြစ်တယ်။

စစ်မတိုက်ရသေးဘဲနဲ့ နိုင်ပြီးပြီလို့ လျှောက်တင်ခိုင်း လိုက်တယ်။

မတော်လို့ရှုံးသွားရင်၊ မင်းတရားကြီးအပြစ်ပေးမှာကို မစိုးရိမ် ပါနဲ့ ...၊

မိုးကြိုးဆွေစာပေ

စစ်ရှုံးပြီဆိုကတည်းက ကျုပ်တို့အားလုံး သေဆုံးကုန်ပြီ ဖြစ်လို့ မင်းတရားကြီးအပြစ်ပေးနိုင်တော့မှာ မဟုတ်ပါ ...

ဖောင်တွေ ဖျက်ခိုင်းရတာကလည်း ဆုတ်ခွါရန် ဖောင်တွေ မရှိမှ အနိုင်တိုက်မယ်ဆိုတဲ့ အောင်စိတ်တစ်ခုတည်း ထားနိုင်ဖို့ ဖျက်ခြင်းဖြစ်တယ်" လို့ ကျော်ထင်နော်ရထာက မိန့်ကြားလိုက် သတဲ့။

အဲဒီနောက်မှာတော့ ရန်သူတပ်တွေရှိရာကို မုန်တိုင်းတိုက်တဲ့ ပမာ အတင်းချီတက်ကြတယ်ကွယ့် ...။

ဟံသာဝတီတပ်တွေကလည်း တောင်ငူတပ်တွေ အင်အား နည်းတာသိတော့ အပြီးချေမှုန်းပစ်မယ်ဆိုပြီး အသင့်စောင့်နေကြ တာပေါ့ ...။

နှစ်ဖက်တပ်တွေရင်ဆိုင်တွေ့တော့ ကြောက်ခမန်းလိလိ တိုက်ပွဲ ကြီးဖြစ်ပွားတာပေါ့ကွယ် ...

ကလေးတို့ရေ ...

ခေါင်းဆောင်ကောင်း ကျော်ထင်နော်ရထာနဲ့ ရဲရင့်တဲ့ရှုရသတ္တိနှင့် အစီအမံ အခန့်အခွဲကောင်းမှုတွေကြောင့် ဟံသာဝတီတပ်တွေ ဆုတ်ခွာပြေးရသတဲ့ ...၊

တံသာဝတီတပ်က စစ်မှူးဗညားဓလ ထွက်ပြေးခဲ့ရပြီး၊ စစ်မှူး မင်းရဲအောင်နိုင်ကတော့ ဆင်ဦးမှာပဲ ကျဆုံးရသတဲ့ ...၊

ကျော်ထင်နော်ရထာဟာ ရန်သူတွေဆီက ဆင်၊ မြင်း၊ လက်နက်နှင့် သုံ့ပန်းအမြောက်အများ ရလိုက်တာပေါ့ကွယ် ...၊

နောက်တစ်ရက်ကျတော့ မင်းတရားရွှေထီး နောင်ရိုးကို ရောက်လာတယ်။

"ကျော်ထင်နော်ရထာ၊ ငါ့ကိုမစောင့်ဘဲ တိုက်ပွဲကို တိုက်နှင့် တယ်။

ငါယူမယ့်အောင်ပွဲကို ဖျက်တာမဟုတ်လား"

တပင်ရွှေထီးက ကျော်ထင်နော်ရထာကို အပြစ်တင်တာပေါ့။

ကျော်ထင်နော်ရထာက ...

"ယခု နောင်ရိုးတိုက်ပွဲဟာ ဘုန်းတော်ကြီးသော အရှင် မင်းကြီးနှင့်ထိုက်တန်တဲ့စစ်ပွဲမဟုတ်ပါ။

လက်အောက်ငယ်သားဖြစ်တဲ့ ကျွန်ုပ်တို့နှင့်သာ ထိုက်တန်တဲ့ ပွဲဖြစ်ပါတယ်။

တံသာဝတီမင်းရဲ့တပ်နှင့်တွေ့မှ အရှင်တိုက်တော်မူပါ"လို့ လျှောက်ပြီး သိမ်းဆည်းရမိတဲ့ ဆင်၊ မြင်း၊ သုံ့ပန်း၊ လက်နက် တွေကို ဆက်သလိုက်တယ်ကွယ့်။

မိတ်ဆွေစာပေ

ဒီတော့မှ မင်းတရားရွှေထီးစိတ်ကျေနပ်သွားတယ်။

ထူးကဲစွာ ချီးမြှင့်မြှောက်စားတဲ့အနေနှင့် ဘုရင့်နောင်ဆိုတဲ့ ဘွဲ့ကို ပေးသတဲ့။

ဆုတွေလာဘ်တွေချတဲ့အပြင် လှိုင်မြို့ကိုလည်း စားစေသတဲ့ကွယ် ...။

နောင်ရိုးတိုက်ပွဲဟာ ကျော်ထင်နော်ရထာရဲ့ လက်ရုံးရည်၊ နှလုံးရည်ကို သမိုင်းတွင်စေခဲ့တဲ့ တိုက်ပွဲလည်းဖြစ်တယ်ကွယ့် ...

ကလေးတို့ရေ ...

အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် "နောက်ကြောင်း စဉ်းစားမနေနှင့်။

ဖောင်ဖျက်ပြီး အောင်မြင်အောင်လုပ်" လို့ ပြောကြဆိုကြတာ ကလေးတို့ ကြားဖူးကြမှာပေါ့ ...

ဒီစကားဟာ ...

ဘုရင့်နောင် ကျော်ထင်နော်ရထာရဲ့ နောင်ရိုးတိုက်ပွဲမှာ ပြောခဲ့တဲ့စကားကနေ သမိုင်းတွင်ကျန်ရစ်တဲ့ စကားဆိုတာ ကလေးတို့ သိကြပြီပေါ့နော် ...။

မိတ်ဆွေစာပေ

ကလေးတို့လည်း ...

လူချွန်၊ လူမွန်

လူတော်၊ လူကောင်းတွေဖြစ်အောင်

တစ်ခုတည်းသော နှောင်ရိုးစိတ်ဓာတ်နှင့်

ဖောင်ဖျက်ပြီးကြိုးစားကြရမယ်နော် ...။

# ယိုးဒယားကိုအောင်နိုင်ခြင်း

ကလေးတို့ရေ ...၊

စစ်ဘုရင်မင်းတရားရွှေထီးနှင့် သူ့ရဲ့ကောင်းဘုရင့်နောင်တို့ရဲ့ ဘုန်းတန်ခိုးဟာ အံ့မခန်းကြီးမားကျယ်ပြန့်လာတယ်ကွယ့် ...၊

တိုက်ပွဲတွေအလီလီ၊ အောင်ပွဲတွေအစီအရီနှင့် ဘုန်းလက်ရုံး ဆန့်တန်းခဲ့တယ်ကွယ့် ...၊

ကွဲပြားနေတဲ့ပြည်ထောင်တွေကိုလည်း တစ်ခုပြီးတစ်ခု သိမ်း ပိုက်ပြီး သစ္စာခံစေခဲ့တယ်။

ရွှေပဝါးတော်အောက်မှာ တစ်စုတစ်စည်းတည်း ဖြစ်စေခဲ့ တယ်ကွယ့် ...၊

ဗုဒ္ဓိအုပ်စိုးမှုအာဏာကိုလည်း ကေတုမတီကနေ ဟံသာဝတီကို ပြောင်းရွှေ့စိုးစံခဲ့တယ် ...။

ဒီလို ဘုန်းတန်ခိုးတေဇာ တောက်ပနေချိန်မှာမှ ကံဆိုးချင်တဲ့ ယိုးဒယားဘုရင် ဖြသာမိရာဇာဟာ မြန်မာ့မြေကိုစတင် ကျူး ကျော်လာသတဲ့ကွယ် ...

ယိုးဒယားဘုရင်ဟာ စစ်မှူးနှစ်ဦးကို ဆင်၊ မြင်း၊ ဗိုလ်ပါ

အလုံးအရင်းနှင့် ထားဝယ်ကို တိုက်ခိုင်းလိုက်သတဲ့ ...

ယိုးဒယားစစ်အင်အားကြီးလွန်းတဲ့အတွက် ထားဝယ်စား မခံနိုင်လို့၊ ရေးထိဆုတ်ပေးခဲ့ရတယ်ကွယ့် ...

ဒီသတင်းကိုလည်းရရော ...

မင်းတရားရွှေထီးနှင့် ဘုရင့်နောင်တို့ဟာ ယိုးဒယားကို နှိမ်နင်းဖို့ချက်ချင်း စစ်ချီခဲ့ကြတာပေါ့ကွယ်။

မြန်မာနှင့်ယိုးဒယား ရဲစွမ်းသတ္တိချင်းကတော့ တစ်ခြားစီပဲကွယ့် ...

တိုက်တောင်မတိုက်ရသေးဘူး ...၊

မြန်မာတပ်တွေ ချီတက်လာပြီဆိုတာနှင့် ထားဝယ်ကနေဆုတ်ပေးတယ်။

တနင်္သာရီမှာ တပ်ချပြီး အခိုင်အလုံနေသတဲ့။

မြန်မာတပ်တွေက ထားဝယ်ကို အလွယ်တကူပြန်သိမ်းယူပြီး ယိုးဒယားတွေနောက် ဆက်လိုက်ကြတာပေါ့ ...

ကလေးတို့ရေ ...

ယိုးဒယားတွေဟာ ကိုယ့်သေတွင်းကိုယ်တူးချင်လို့ မြန်မာကို ရန်စမိသလို ဖြစ်သွားတယ်ကွယ့်။

တိုက်ပွဲတိုင်းမှာ ရှုံးနိမ့်ပြီး မြန်မာ့မြေပေါ်က လုံးဝထွက်ပြေး

သွားကြရတယ် ...

ကလေးတို့ရေ ...

မြန်မာဆိုတာ ကိုယ့်ကိုကျူးကျော်ရန်စလာရင် ဘယ်တော့မှ ငုံ့မခံတတ်တဲ့ လူမျိုးကွယ့်။

မင်းတရားရွှေထီးနှင့်ဘုရင့်နောင်တို့ဟာ ယိုးဒယားတွေကို သူတို့ရဲ့မြို့တော် အယုဒ္ဓယထိအောင် အတင်းဖိပြီး လိုက်တိုက်ကြသတဲ့ ...၊

ဒါပေမယ့် ...

အယုဒ္ဓယမြို့ရိုးက သိပ်မြင့်တယ်ကွယ့် ...၊

မြို့ပတ်ပတ်လည်မှာလည်း ရေတွေဝိုင်းနေတယ်။

မြို့ရိုးထိပ်မှာလည်း ပေါ်တူဂီကြေးစား စစ်သားတွေဌားပြီး အမြောက်၊ စိန်ပြောင်းတွေ ထူထပ်အောင် ဆင်ထားတယ်။

ဒါကြောင့် မြို့ကို မတိုက်သာဘဲ အဝေးကပဲ ဝိုင်းရံထားရသတဲ့။

တစ်လလောက်ကြာတော့ မင်းတရားရွှေထီးနှင့် ဘုရင့်နောင်တို့ဟာ တစ်မျိုးလှည့်ကြံတယ်။

အယုဒ္ဓယရဲ့ပတ်ဝန်းကျင်က ကမန်ပိုက်၊ ပိဿလောက်နှင့် သောက်ကတဲမြို့တွေကို အရင်သိမ်းမယ်။

မိတ်ဆွေစာပေ

အဲဒီမြို့တွေရပြီးမှ အယုဒ္ဓယကို သိမ်းမယ်ပေါ့။

အဲဒါကြောင့် ဝိုင်းထားတဲ့မြန်မာတပ်တွေကိုနုတ်ပြီး ကမန်ပိုက်ကို အရင်ဆုံးစစ်ချီကြတယ်။

ယိုးဒယားဘုရင်ဟာ မြန်မာတပ်တွေကို ပြန်ဆုတ်တာလို့ထင်ပြီး စစ်ကြောင်းသုံးကြောင်းနှင့်ထွက်တိုက်စေတယ်ကွယ့်။

စစ်ကြောင်းတွေကို ဘုရင်ကိုယ်တိုင်ဦးစီးပြီး ဘုရင့်ညီနှင့်သားမက်တော်တို့လည်း ပါသွတဲ့။

ယိုးဒယားစစ်ကြောင်းတွေနောက်က လိုက်လာတာကို သိတာနှင့်မင်းတရားရွှေထီးနှင့် ဘုရင့်နောင်တို့ဟာ တုံ့ပြန်တိုက်ခိုက်ဖို့ ချက်ချင်းစီစဉ်ကြတယ်ကွယ့်။

ဘုရင့်နောင်ဟာ စစ်ကြောင်းတွေခွဲပြီး တပ်ဦးကနေ ချီတက်တယ်။

မင်းတရားရွှေထီးကိုတော့ နောက်ချန်တပ်နှင့် လိုက်စေတယ်ကွယ့် ...၊

ကလေးတို့ရေ ...

ယိုးဒယားဘုရင်ရဲ့စစ်ကြောင်းတွေနှင့် နောင်ရိုးသူရဲကောင်းဘုရင့်နောင်ရဲ့စစ်ကြောင်းတွေ တွေ့ကြတော့ အလွန်ကြီးကျယ်ပြင်းထန်တဲ့ တိုက်ပွဲကြီးတွေ ဖြစ်သွားတာပေါ့နော် ...။

မိတ်ဆွေစာပေ

မိုးမြေသိမ့်သိမ့်တုန်အောင် အော်ကြဟစ်ကြ၊

ဆင်၊ ဆင်ချင်း၊ အစွယ်ချင်းထိုးကြ၊ တိုက်ကြ။

မြင်းတပ်တွေကလည်း အံတင်းဝင်ပြီး လှံတွေ၊ ဓားတွေနှင့် ထိုးကြ၊ ခုတ်ကြ … ဆူညံနေတာပေါ့ကွယ် …၊

ဒါပေမယ့် … ယိုးဒယားဟာ ရဲစွမ်းသတ္တိအရာမှာ မြန်မာကို ဘယ်ယှဉ်နိုင်မှာလဲ …

ဘုရင့်နောင်ဆိုတာကလည်း စစ်ပညာအရာမှာ သိကြားက တောင် လက်ဖျားခါရတဲ့ စစ်သူကြီးလေ …

ယိုးဒယားတပ်တွေ အလဲလဲ အပြိုပြိုဖြစ်၊ တပ်ပျက်ပြီး သွေးရူးသွေးတန်း ထွက်ပြေးကြရတာပေါ့ကွယ် …။

အဲဒီတိုက်ပွဲမှာ ယိုးဒယားအမတ်တွေနှင့် စစ်သည်ရဲမက်တွေ အမြောက်အများ ကျဆုံးကုန်တယ်ကွယ့်။

ယိုးဒယားဘုရင်ရဲ့ ညီနှင့်သားမက်ကို အရှင်ဖမ်းမိလိုက်တယ်။

ဆင်တွေ၊ မြင်းတွေ၊ လက်နက်နှင့်သို့ပန်းတွေလည်း မရေ မတွက်နိုင်အောင် ရလိုက်သတဲ့။

ကလေးတို့ရေ …

အဲဒီတိုက်ပွဲမှာ အသက် ၁၃ နှစ်အရွယ်သာ ရှိသေးတဲ့

ဘုရင့်နောင်ရဲ့သားတော် "ဇေယျာသီဟ"ကလည်း ရဲလုလင်ဆင်ကို စီးပြီး ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့တယ်ကွယ့်။

အဲဒါကြောင့် အောင်ပွဲရ ရဲမက်ဗိုလ်ပါတွေကို ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှင့်တဲ့အခါ ဇေယျာသီဟကိုလည်း "အင်းဝဘုရင်မင်းခေါင်ရဲ့ သားတော် မင်းရဲကျော်စွာလို ရဲရင့်ပေသည်"လို့ ချီးမွမ်းပြီး မင်းရဲကျော်စွာဘွဲ့ ချီးမြှင့်တော်မူသတဲ့။

တိုက်ပွဲပြီးတာနှင့် မြန်မာတပ်တွေဟာ ကမန်ပိုက်ကို ချီတက်ပြီး သိမ်းပိုက်လိုက်ကြတယ်။

အဲဒီအချိန်မှာပဲ ယိုးဒယားဘုရင်ဟာ မင်းတရားရွှေထီးဆီကို ဆင်တော်နှစ်စီး၊ လက်ဆောင်ပဏ္ဏာအများအပြားနှင့် သံနှစ်ဦး စေလွှတ်လိုက်တယ်ကွယ့် ...

သံနှစ်ဦးက လက်ဆောင်ပဏ္ဏာတွေနှင့်အတူ ယိုးဒယား ဘုရင် ပေးလိုက်တဲ့စာကိုပါ ဆက်သသတဲ့။

စာမှာပါတာကတော့ ...

မင်းတရားရွှေထီးဟာ ဘုန်းကြီးသော ရှင်ဘုရင်ဖြစ်၍ ဆင် စီးချင်းထိုးဖို့ မဝံ့တဲ့အကြောင်း၊

ညီနှင့်သားမက်ကို စေလွှတ်ပြီး တိုက်ခိုင်းတဲ့အခါမှာလည်း

ဘုန်းကြီးသောမင်းရဲ့ မျူးမတ်ရဲမက်ကိုတောင် မနိုင်ဘဲ ပျက်စီးရတဲ့ အကြောင်း

သနားတော်မူလို့ သားမက်နှင့်ညီကို လွှတ်ပေးပါလျှင် သစ္စာခံပါ့မယ်ဆိုတဲ့အကြောင်းနှင့်

တစ်နှစ်ကို တိုက်ဆင် ၃၀၊ ငွေ ၃၀၀ နှင့် တနင်္သာရီ သဘော်အကောက်အခွန်ကို ဆက်သပါ့မယ်လို့ အောက်ကျခံပြီး ရေးထားတယ်ကွယ့် ...

မင်းတရားရွှေထီးကလည်း အခြေအနေအရပ်ရပ်ကိုထောက်ပြီး လက်ခံလိုက်သတဲ့။

ယိုးဒယားဘုရင်ရဲ့ကိုယ်စား ညီဖြစ်သူကို ခြေတော်ရင်းသို့ ရောက်စေပြီး သစ္စာခံစေတယ်ကွယ့်။

ယိုးဒယားဘုရင်ရဲ့ ညီနှင့်သားမက်ကိုလည်း ကောင်းကောင်း မွန်မွန် ပြန်လွှတ်လိုက်သတဲ့ကွယ် ...



မိတ်ဆွေစာပေ

# ဘုရင့်နောင်ရဲ့ သစ္စာတရား

ကလေးတို့ရေ ...

ဗုဒ္ဓမြတ်စွာက လူမိုက်နှင့်မပေါင်းခြင်းဟာ မင်္ဂလာတစ်ပါးတဲ့။ ၃၈ ဖြာ မင်္ဂလာတရားတော်မှာ ဟောကြားခဲ့တယ်ကွယ်။

လူမိုက်နှင့်ပေါင်းမိရင် ရိုးရိုးသာမန်လူမပြောနှင့် မင်းတရားရွှေထီးလို ဘုန်းရှင်ကံရှင်တောင် ပျက်စီးရတယ်ဆိုတာကို မှတ်ထားကြနော် ...

တစ်နေ့တော့ မုတ္တမကမ်းကို ရောက်လာတဲ့ ပေါ်တူဂီတစ်ယောက်ကို မုတ္တမမြို့စားကဖမ်းပြီး မင်းတရားရွှေထီးကို ဆက်သတယ်ကွယ့် ...။

အဲဒီအချိန်တုန်းက ပေါ်တူဂီကြေးစား စစ်သားတွေရေပန်းစားနေတဲ့အချိန်ကွယ့် ...။

စက်မှုလက်မှုထွန်းကားတဲ့ အနောက်တိုင်းသားတွေဆိုတော့ ခေတ်မီလက်နက်အသစ်အဆန်းတွေ ယူဆောင်ပစ်ခတ်နိုင်ကြတာ ကိုးကွယ့် ...၊

မင်းတရားရွှေထီးဆီရောက်တဲ့ ပေါ်တူဂီကလည်း သေနတ်ပစ်အှင်မတန်လက်တည့်တယ်။

ဘယ်အရာကို ပစ်ခိုင်းပစ်ခိုင်း အလယ်တည့်တည့်ကို ထိမှန်အောင် ပစ်ပြနိုင်တယ်ကွယ့် ...

မင်းတရားရွှေထီးသိပ်သဘောကျသွားတယ်။

သဘောကျတော့ မြှောက်စားတာပေါ့ကွယ်။

ပေါ်တူဂီက သူ့ပိုပြီးအခွင့်အရေးရအောင် သူတို့တိုင်းပြည်က ထွက်တဲ့ အကောင်းစားစပျစ်အရက်တွေ ဆက်သတယ်။

အမဲသားငါးတွေကိုလည်း သူတို့တိုင်းပြည်ကနည်းနှင့်ကင်ပြီး အမြည်းလုပ်ပေးတယ်။

မင်းတရားရွှေထီးဟာ စပျစ်အရက်နှင့် သားငါးကင်တွေကို သိပ်ပြီးနှစ်သက်သတဲ့။

မင်းတရားရွှေထီးနှစ်သက်တယ်ဆိုတော့ ပေါ်တူဂီလူမိုက်ကလည်း မပြတ်ဆက်သတာပေါ့။

အချိန်တွေကြာလာတော့ မင်းတရားရွှေထီးဟာ အရက်သမား ကြီးလုံးလုံးဖြစ်သွားတာပေါ့ကွယ် ...။

သူ့ကို ပြောရဲ၊ ဆိုရဲ၊ ဆုံးမရဲတာက ဘုရင့်နောင်ပဲရှိတယ်ကွယ့်၊

"အရက်သေစာ လွန်ကျူးတာဟာ မင်းကောင်းမင်းမြတ်တို့ရဲ့ အကျင့် မဟုတ်ပါဘူး။ အရက်ကိုဖြတ်မှ တော်မယ်" လို့ ဘုရင့်နောင်က ဆုံးမတယ်။

အရက်သမားကြီးဖြစ်သွားတဲ့ မင်းတရားရွှေထီးကတော့ ဆုံးမ စကားကို မနာယူဘူးကွယ့်။

"အရက်ကိုဖြတ်လို့မရတော့ဘူး၊ တိုင်းရေးပြည်ရာကို နောင် တော်ပဲ ဆောင်ရွက်ပါတော့" လို့တောင် ပြောသတဲ့။

မင်းတရားရွှေထီးဟာ ရှင်ဘုရင်တွေ လုပ်ရမယ့် အလုပ်မှန် သမျှ ဘာမှကို မလုပ်နိုင်တော့ဘူးတဲ့။

ညီလာခံတောင် မထွက်နိုင်တဲ့ အခြေအနေထိ ဆိုက်ရောက် သွားတာပေါ့ကွယ် ...။

မှူးတွေမတ်တွေကလည်း တာဝန်မဲ့လေးစား၊ အရက်သမား ဆိုတော့ ကဲ့ရဲ့ပြုံငြင်လာကြတာပေါ့နော် ...။

ဘုရင့်နောင်က တိုင်းရေးပြည်ရေးရော၊ နန်းတွင်းရေးတွေရော အကုန်လိုက်ပြီး ထိန်းသိမ်းဆောင်ရွက်ရတာပေါ့ကွယ် ...၊

တစ်နေ့မှာတော့ မှူးတွေ၊ မတ်တွေအားလုံး စုပေါင်း တိုင်ပင်ကြတယ်။

"မင်းတရားရွှေထီးကို ဖယ်ရှားပြီး ဘုရင့်နောင်ရှင်ဘုရင်လုပ်ဖို့ပေါ့ကွယ် ..."

ကလေးတို့ရေ ...

တစ်ခြားသူသာဆိုရင်တော့ အခွင့်ကောင်းပဲကွယ့် ...၊

ချက်ချင်း၊ သဘောတူခေါင်းညိတ်၊

အရက်သမားကို ဖယ်ရှားပြီး ဘုရင်တက်လုပ်လိုက်မှာပေါ့။

ဒါပေမယ့် ဘုရင့်နောင်က သစ္စာကြီးမားသူကွယ့် ...၊

တပင်ရွှေထီးရဲ့သစ္စာကိုစောင့်သိတယ်။

ကျေးဇူးကိုမမေ့ဘူး ...၊

ဒါကြောင့်၊ မှူးမတ်တွေတောင်းပန်တာကို ရဲရဲဝံ့ဝံ့ ပယ်ချလိုက်သတဲ့။

"မင်းတရားရွှေထီးကို သူပြောဦးမယ်၊ ပြောလို့မရရင်လည်း သစ္စာရှိရှိ အမှုထမ်းကြမယ် ...

မသင့်တော်တဲ့အကြံကို မကြံကြနှင့်၊

မှူးမတ်တွေနှင့် ပြည်သူတွေမှာ အခက်အခဲရှိရင်လည်း သူစောင့်ရှောက်ကူညီမယ်။

ဘာမှ မစိုးရိမ်ကြနှင့်" လို့ ပြောသစ်တဲ့ကွယ်။

ကလေးတို့ရေ ...

ဒီလိုသစ္စာစောင့်သိတဲ့ သူရဲကောင်းဆိုတာ တစ်ခေတ်မှာ တစ်ယောက် ပေါ်ထွန်းဖို့ ခက်တယ်ကွယ့် ...၊

တော်တန်ရုံသူရဲကောင်းတွေတောင် ဒီလိုအဖြစ်သာကြုံရင် ငြင်းပယ်ဖို့ခက်တယ် ...

ဟိုး ... ပုဂံခေတ်တုန်းက

စောလူးမင်းကို ငရမန်ကန်းဖမ်းထားချိန်မှာ

မှူးမတ်တွေ ကျန်စစ်သားကို မင်းပြုဖို့ လျှောက်ကြတာ ကလေးတို့မှတ်မိကြလား၊

အဲဒီတုန်းကလည်း ကျန်စစ်သားက ငြင်းခဲ့တယ်နော်။

ဒီလို အခွင့်အရေးကြီးကို ငြင်းနိုင်ဖို့က လက်ရုံးရည်တင် မကဘူး၊ နှလုံးရည်ပါ ပြည့်ဝတဲ့ အာဇာနည်သူရဲကောင်းတွေမှ လုပ်နိုင်ကြမယ် ကလေးတို့ရေ ...၊

ဒါကြောင့် ကလေးတို့လည်း ...

ကျေးဇူးတရားသိတတ်သူ၊

သစ္စာရှိရဲရင့်သူတွေဖြစ်အောင် ငယ်စဉ်ကတည်းက လေ့ကျင့်သွားရမယ်နော် ...။

ဘုရင့်နောင်ဟာ ကျေးဇူးရှင်တာပင်ရွှေထီးကို သစ္စာရှိရှိ အမှုထမ်းခဲ့တယ် ...။

မင်းတရားရွှေထီးကို အရက်နှင့်မျှားပြီး ဖျက်ဆီး၊

အရက်သမားကြီးဘဝရောက်အောင် လုပ်ခဲ့တဲ့ ပေါ်တူဂီ ဗိုက်သားကိုလည်း

သဘော်တစ်စီးနှင့်ရွှေငွေအရင်းအနှီးပေးပြီး နိုင်ငံတော်ကနေ နှင်ထုတ်လိုက်သတဲ့ကွယ် ...

# လုပ်ကြံခံရတဲ့ မင်းတရားရွှေထီး

ကလေးတို့ရေ ...

ပေါ်တူဂီလူမိုက်နှင့်ပေါင်းမိလို့ အရက်သမားကြီးဖြစ်သွားရတဲ့ မင်းတရားရွှေထီးဟာ ...

နောက်ဆုံးမှာတော့ ...

အပါးတော်မြဲ သမိန်စောထွတ်ရဲ့ လုပ်ကြံတာကို ခံလိုက်ရသတဲ့ကွယ် ...။

သမိန်စောထွတ်ဟာ ရှင်ဘုရင်လုပ်ဖို့ ကြံစည်နေတဲ့သူကွယ့်။

နယ်စွန်နယ်ဖျားက လက်အောက်ခံမြို့စားနယ်စားအချို့ ပုန်ကန်တာကို ဘုရင့်နောင်သွားရောက် နှိမ်နင်းနေတုန်း အခွင့်ကောင်းယူလိုက်တာပေါ့နော် ...

မင်းတရားရွှေထီးကို အနီးကပ်စောင့်ရှောက်ဖို့ ဘုရင့်နောင်ထားခဲ့သူတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖယ်ရှားပစ်တယ်ကွယ့်။

မိတ်ဆွေစာပေ

သူစည်းရုံးထားတဲ့ပုဏ္ဏားအချို့နှင့်ပေါင်းပြီး မင်းတရားရွှေထီး ဇာတာတော်ညှံ့နေတယ်လို့ပြောတယ်။

ပြီးတော့၊ သူ့လက်အောက်ခံတပ်ရှိတဲ့ နယ်မြေကို ခေါ်သွားတယ်။

နောက်တစ်ခါ၊ ကသာဘက်မှာ ဆင်ဖြူတော်ပေါ်တယ်လို့ လိမ်လည်သတင်းလွှင့်ပြီး မင်းတရားရွှေထီးကို ခေါ်ထုတ်သွားတယ်။

သမိန်စောထွတ်ရဲ့ အကြံအစည်ဟာ သက္ကရာဇ် ၉၁၂ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့အဝင်မှာ အောင်မြင်သွားသတဲ့ကွယ် ...၊

သမိန်စောထွတ်ရဲ့ညီ၊ လက်ဝဲကားမျှရဲ့ တစ်ချက်တည်းသော ဓားချက်ကြောင့်

မင်းတရားရွှေထီးရဲ့ ဦးခေါင်းဟာ သလွန်တော်ရဲ့အောက်ကို လွင့်စင်ကျခဲ့ရတယ်ကွယ့်။

ထူးဆန်းတာက ...

အသက်ဝိညာဉ်မရှိတော့ပေမယ့် ... မင်းတရားရွှေထီးရဲ့ ဦးခေါင်းပြတ်ဟာ မျက်တောင်တဖျတ်ဖျတ်ခတ်နေတုန်းပဲတဲ့ ...။

နေ့တစ်ချက်တီးကျော်မှ ငြိမ်သက်သွားသတဲ့ကွယ် ...။

ချက်ချင်းဆိုသလိုပဲ မင်းတရားရွှေထီးလုပ်ကြံခံရတဲ့သတင်းက တောမီးလို ပျံ့နှံ့သွားတယ်ကွယ့် ...။

မင်းတရားရွှေကီးနှင့် ဘုရင့်နောင်တို့ တိုက်ပွဲတွေအလီလီ ဆင်နွှဲတိုက်ခိုက်၊ သိမ်းပိုက်ထားတဲ့ နိုင်ငံငယ်လေးတွေက ပြန်ပြီး ခြားနားကြသတဲ့။

မြို့စားနယ်စားတွေကလည်း ကိုယ့်မြို့နှင့်ကိုယ် ခိုင်လုံအောင် ပြုပြီးနေကြသတဲ့ ...။

သဘောကတော့၊ ကျယ်ကျယ်ပြန့်ပြန့် စုစည်းထားတဲ့ မြန်မာနိုင်ငံတော်ကြီး အစိပ်စိပ်အမွှာမွှာ ပြန်ဖြစ်သွားတဲ့သဘော ပေါ့ကွယ် ...၊

ဒီသတင်းလည်းကြားရော အလယ်မှာရောက်နေတဲ့ ဘုရင့်နောင်ဟာ လူသူလက်နက်တွေ ပြန်ပြီးစုစည်းရတယ်ကွယ့် ...

အဲဒီအချိန်မှာ မင်းတရားရွှေထီးကို လုပ်ကြံတဲ့သမိန်စောထွတ် ဟာ မင်းတရားရွှေထီးရဲ့ ဘက်တော်သားမှန်သမျှကိုဖမ်းပြီး သတ်ပစ် တယ်ကွယ့်။

ရနိုင်သမျှ ဆင်၊ မြင်း လက်နက်၊ လူသူစုစည်းပြီး "သမိန် စက္ကဝေါ်"အမည်နှင့်မင်းအဖြစ်ကို ခံယူလိုက်တယ်။

ဘုရင့်နောင်ကလည်း သူစုစည်းထားတဲ့ တပ်အင်အားနှင့် ခွဲထွက်သွားတဲ့ နိုင်ငံငယ်လေးတွေကို ပြန်ပြီးတိုက်ခိုက်သိမ်းပိုက်တယ် ...။

ဘုရင်ရှူး ရှူးနေတဲ့ သမိန်စောထွတ်ဟာ ခဏပဲဘုရင်လုပ်လိုက်ရတယ်ကွယ့်။

မှူးမတ်တွေက သဘောမတူတာနှင့် ဖြုတ်ချလိုက်ပြီး "သမိန်ထောရာမ"ကို ဟံသာဝတီနန်းမှာ တင်လိုက်ကြသတဲ့။

သမိန်စောထွတ်လည်း ဘဝနိဂုံးချုပ်သွားတာပေါ့ကွယ် ...။

ကလေးတို့ရေ ...

တိုင်းရေးပြည်ရေး ရှုပ်ထွေးနေချိန်မှာ ဘုရင့်နောင်ဟာ သူ့ရဲ့ တပ်တွေနှင့် တောင်ငူ၊ ပြည် စတဲ့နိုင်ငံလေးတွေကို အောင်မြင်ခဲ့တယ်ကွယ့်။

တစ်ခါ တိုက်ပွဲကြီးဆင်နွှဲပြီး ဟံသာဝတီကိုပြန်ပြီး သိမ်းပိုက်နိုင်ခဲ့တယ် ...၊

အဲဒီနောက်မှာတော့ ဘုရင့်နောင်ဟာ ကြီးမားကျယ်ပြန့်တဲ့ မြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်ခဲ့တယ် ...။

မိုက်ဇုံးတစ်ပေ

ကသည်း၊ မဏိပူရနယ်မြေ၊ တရုတ်စော်ဘွားပိုင်နယ်မြေတွေနှင့် ဇင်းမယ်၊ ယိုးဒယားနိုင်ငံတွေကိုပါ မြန်မာ့လက်အောက်ခံနိုင်ငံအဖြစ် ထည့်သွင်းနိုင်ခဲ့တယ်ကွယ့် ...။

ကလေးတို့ရေ ...

မြန်မာ့ရာဇဝင်မှာ ပထမမြန်မာနိုင်ငံကို တည်ထောင်သူအဖြစ် အနော်ရထာမင်းကြီးကို သမိုင်းတင်ခဲ့သလို ...

ဘုရင့်နောင်မင်းတရားကြီးကိုလည်း ဒုတိယမြန်မာနိုင်ငံ တည်ထောင်သူလို့ မော်ကွန်းထိုးကြသတဲ့ကွယ် ...။

## အယုဒ္ဓယတိုက်ပွဲ

ကလေးတို့ရေ ...

တစ်နေ့မှာတော့ ယိုးဒယားကို မြန်မာ့သွေး ဘယ်လောက်ရဲရဲနီတယ်ဆိုတာ ပြဖို့ အကြောင်းဖန်လာခဲ့တယ်ကွယ့် ...၊

ယိုးဒယားဟာ မင်းတရားရွှေထီးလက်ထက်ကတည်းက မြန်မာကို ပဏ္ဏာဆက်ရတဲ့နိုင်ငံကွယ့် ...၊

မင်းတရားရွှေထီး နတ်ရွာစံပြီးတဲ့နောက် ဘုရင့်နောင်လက်ထက်ကျတော့ လက်ဆောင်ပဏ္ဏာမပို့ဆက်ဘဲ ပျက်ကွက်နေသတဲ့။

ဒီအနေအထားမှာ ယိုးဒယားဘုရင်မှာ ဆင်ဖြူတော်လေးစီးရှိတယ်ဆိုတာ သိလိုက်ရတယ်။

ပဏ္ဏာဆက်နိုင်ငံဖြစ်လို့ ဘုရင့်နောင်က ဆင်ဖြူတော်တစ်စီး လှမ်းတောင်းလိုက်တယ် ...၊

ဘုရင့်နောင်ရဲ့ တောင်းဆိုချက်ကို ယိုးဒယားဘုရင် မြသာဓိရာဇာက မချေမငံ ပြန်ကြားတယ်ကွယ့်။

မိုက်ဆွေကာပေ

"ဆင်ဖြူတော်ဆိုတာ ဘုန်းကံပါရမီနှင့် ပြည့်စုံတဲ့ ရှင်ဘုရင်တွေနှင့်သာ ထိုက်တန်တယ်။

ဘုရင့်နောင်သာ မင်းကျင့်တရားနှင့်ညီအောင် အုပ်ချုပ်ရင် ဆင်ဖြူတော် ပေါ်ပေါက်လာမှာပါ" လို့ ပြန်စာရေးတယ်။

ဆိုလိုတာက ...

သူက "ဘုန်းရှင်ကံရှင်မင်းမို့ ဆင်ဖြူတော်ပိုင်တာ" လို့ ခနဲ့လိုက်တာပေါ့ကွယ် ...၊

ဒီအပြင် စာရဲ့အဆုံးမှာ "အစ်" ဆိုတဲ့အက္ခရာတစ်လုံးလည်း ရေးလိုက်သတဲ့။

"မင်းကျော်ဇောတို့မည်သည် အဓိပ္ပါယ်မဲ့တဲ့စကားကိုမဆို" လို့ တွေးပြီး ပညာရှိအမတ် ဗညားဒလကို ဘာအဓိပ္ပါယ်လည်းဆိုတာ မေးတယ်ကွယ့် ...၊

ဗညားဒလ ဖြေတာက ...

"အစ်" ဆိုတဲ့ အက္ခရာဟာ တရားတော်မှာ ကေ၊ ဗေဒင်စကားမှာ "အစ်"၊ မွန်တို့က "အိုက်" လို့ခေါ်တယ်။

"အိုက်" ဆိုတဲ့အဓိပ္ပါယ်က "အိုက်တုဗွယ်"၊

"အိုက်တုဗွယ်" ဆိုတော့ "အွယ်တုဗိုက်"

"ငါမကြောက်ဘူး"လို့ ဆိုလိုပါသတဲ့။

ဘုရင့်နောင်လည်း ပညာရှိဗညားဒလကို ချီးမွမ်းတော်မူတယ် ကွယ့် ...၊

ပြီးတော့ "ယိုးဒယားဘုရင်ဆီ ဘယ်လိုပြန်ရေးရမလဲ"လို့ မေးတယ်။

"ယိုးဒယားမင်းက 'အစ်'ကိုရေးရင်၊ မြန်မာက "ဒွေး" ဆိုတဲ့အက္ခရာကို ရေးရပါမယ်။

"ဒွေး"ဆိုတဲ့ အက္ခရာဟာ တရားတော်မှာ ဒွေး၊ ဗေဒင် စကားမှာ "စန္ဒရ"မြန်မာတို့က "နှစ်"လို့ ရေတွက်တယ်။ မွန်တို့က "ဒွိတ်"လို့ခေါ်တယ်။

"ဒွိတ်"ဆိုတဲ့ အဓိပ္ပါယ်က "ဒွိတ်တလက်"။

"ဒွိတ်တလက်"ဆိုတော့ "ဒွက်တလိတ်"

"မကြောက်ရင် ကြိုးနှင့်ချည်မယ်"လို့ ဆိုလိုပါတယ်လို့ ဗညားဒလလျှောက်သတဲ့။

ဘုရင့်နောင်ရဲ့စာကိုရတော့ ယိုးဒယားမင်းထိတ်လန့်သွားတယ်။

"ငါတို့ပြောတာကို ဟံသာဝတီဘုရင် သိသွားပြီလို့လည်း ကြောက်ရွံ့သွားတယ်။

ဘုရင့်နောင်က "ယိုးဒယားမင်းဟာ ပျက်စီးချိန်တန်လို့ ဒီလို မကျိုးနွံတဲ့စကားကို ဆိုတာပဲ" ဆိုပြီး ကြည်းကြောင်း၊ ရေကြောင်း ကနေ ဆင်၊ မြင်း၊ လှေ၊ ရဲမက်ဗိုလ်ပါအလုံးအရင်းနှင့် ချီတက် ကြသတဲ့ ...၊

စစ်ပရိယာယ်ကြွယ်ဝပြီး အင်အားတောင့်တင်းတဲ့ မြန်မာတပ် တွေဟာ ယိုးဒယားဘုရင်ရဲ့ ခုခံတိုက်ခိုက်မှုမှန်သမျှကို ချေမှုန်း နိုင်ခဲ့တယ်ကွယ့် ...၊

သားငှက်တိရစ္ဆာန်ကို ခြံလှောင်သလို အယုဒ္ဓယကို ဝိုင်းရံပြီး အမြောက်စိန်ပြောင်းတွေနှင့် အဆက်မပြတ်ပစ်ခတ်တယ် ...၊

ဆင်စာ၊ မြင်းစာ၊ လူစာ ဘယ်ကမှ မဝင်နိုင်အောင် ပိတ်ဆို့ တယ် ...

နောက်ဆုံးမှာတော့ ယိုးဒယားဘုရင်က သူ့အသက်ကို ချမ်းသာပေးဖို့နှင့် အညံ့ခံမယ့်အကြောင်း၊ သူ့သားတော်ကိုသာ မင်းပြုခွင့်ပေးပါလို့ တောင်းပန်လာတယ် ...၊

ဘုရင့်နောင်မင်းတရားကြီးဟာ သဘောထားကြီးကျယ် မြင့်မြတ် တဲ့မင်းကွယ့် ...၊

စစ်နိုင်တဲ့ ဘယ်လိုဘုရင်မှ မလုပ်နိုင်တဲ့အလုပ်ကို လုပ်နိုင် ခဲ့တယ်။

ယိုးဒယားဘုရင် ဗြသာဓိရာဇာရဲ့သားအကြီး ဗြဗဟိန်ကိုပဲ အယုဒ္ဓယကို မင်းပြုခိုင်းခဲ့တယ်ကွယ့်။

ဗိသာလောက်၊ သောက္ကတဲနှင့် ပိတ်စဲမြို့တွေကိုလည်း ယိုးဒယားဘုရင်ရဲ့ သားမက်နှင့်ညီနှစ်ယောက်ကိုပဲ အရင်အတိုင်းပဲ ပြန်ပေးခဲ့သတဲ့ …။

ကိစ္စအဝဝ စီမံခန့်ခွဲပြီးမှ ယိုးဒယားဘုရင်ရယ်၊ သားတော် အငယ်နှင့်အမတ်တွေကိုဖမ်းပြီး ဟံသာဝတီကို ပြန်လာခဲ့တယ် ကွယ့် …၊

ဆင်ဖြူတော်လေးစီးစလုံးကိုပါ သိမ်းယူခဲ့တာပေါ့နော် …၊

ကလေးတို့ရေ …

ဘုရင့်နောင်မင်းတရားကြီးဟာ လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်ဝတဲ့ သူ့ရဲကောင်းဆိုတာ ကလေးတို့သိကြပြီပေါ့နော်။

အကျယ်ပြန့်ဆုံး မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင် ခဲ့ပြီး ဘာသာရေး၊ သာသနာရေးမှာလည်း ကြိုးပမ်းဆောင်ရွက် ခဲ့တယ်ကွယ့် …၊

တိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး ယစ်နတ်ပူဇော်တဲ့အလေ့အထ နှင့် ပသီကုလားတွေရဲ့ ကျွန်သားသတ်ဖြတ်တဲ့အလေ့အထတွေကို တားမြစ်ခဲ့တယ်။

ပြီးတော့ ရှမ်းစော်ဘွားသေရင် သူစီးတဲ့ ဆင်၊ မြင်း၊ ချစ်တဲ့ ကျွန်၊ အခြံအရံတွေကို သတ်၊ တွင်းထဲအတူထည့်တဲ့ အယူဝါဒကို ပပျောက်အောင်တားမြစ်ပြီး နိုင်ငံနှင့်အဝှမ်း မိစ္ဆာဒိဋ္ဌိအယူတွေကို ပယ်ရှားကာ ဗုဒ္ဓဘာသာကို ကိုးကွယ်စေခဲ့သူဖြစ်လို့ မြန်မာ့သမိုင်းမှာ ဘုန်းလက်ရုံးအကြီးဆုံးမင်းလို့တောင် ညွှန်းဆိုခြင်းခံရသတဲ့ ကလေးတို့ရေ...

# သူ့ကျွန်မခံစစ်သူကြီး

## မြန်မာ့သားကောင်းရတနာ

ကလေးတို့ရေ ...

ရှေးတုံးက ဗဒုံလို့ခေါ်တဲ့ တိုက်နယ်ထဲမှာ ပန်းရင်းဆိုတဲ့ ရွာလေးတစ်ရွာရှိတယ်ကွယ့် ...၊

အဲဒီပန်းရင်းရွာလေးမှာ ကိုပေါက်တောနှင့် မမိငြိမ်တို့ လင်မယားနှစ်ယောက်ရှိတယ်။

သူတို့လင်မယားဟာ ဆင်းရဲနွမ်းပါးလွန်းလို့ နှမ်းခင်းလေး တစ်ခင်းကို ကိုယ်တိုင်ထွန်ယက်လုပ်ကိုင်ပြီး အသက်မွေးကြရတယ်ကွယ့် ...၊

၁၁၄၄ ခု၊ တန်ခောင်မုန်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့မှာတော့ မမိငြိမ်ဟာ သားယောက်ျားလေးတစ်ယောက် ဖွားမြင်တယ်ကွယ့်။

ဖွား၊ ဖွားချင်း ကလေးကိုကြည့်လိုက်တော့

မျက်နှာဖုံးအိတ်စွပ်လေးနှင့်တဲ့၊

ပြီးတော့ ...

အချင်းတွေကလည်း ကလေးရဲ့ကိုယ်ကို ရစ်ဆိုင်းပြီး စလွယ်သိုင်းထားသလို ဖြစ်နေတယ်တဲ့ကွယ်။

အချင်းစလွယ်သိုင်းလေးနှင့်မွေးရင်၊ အဲဒီကလေးဟာ သူမတူအောင် ထူးချွန်ထက်မြက်၊ ကြီးပွားတိုးတက်မယ့်သူလို့ အယူရှိကြတော့ ...

လူတွေလည်း ဝမ်းသာအားရနှင့်

"တစ်ကိုယ်လုံး အချင်းတွေရစ်နေတယ်" ဆိုတဲ့စကားကိုပဲ တအံ့တဩပြောဆိုနေကြတာပေါ့ကွယ်။

အဲဒါနှင့်ပဲ ကလေးကို "မောင်ရစ်" လို့ နာမည်ပေးလိုက်တယ်။

မောင်ရစ်လေး အသက် ခုနစ်နှစ်အရွယ်ရောက်တော့ မိဘတွေက ရှာဦးဘုန်းတော်ကြီးဆီမှာအပ်ပြီး ပညာသင်ယူစေတယ်ကွယ် ...၊

မောင်ရစ်ဟာ ကလေးတို့အရွယ် ငယ်ငယ်ကတည်းက စစ်တိုက်တမ်းကစားတာကို အရမ်းဝါသနာပါသတဲ့ ...။

စစ်တိုက်တန်းကစားတိုင်းလည်း သူက ဗိုလ်မှူးလုပ်တာပဲတဲ့။

ဗိုလ်မှူးဟန်ပန်လုပ်၊ ဝါးခြမ်းပြားဓားတဝင့်ဝင့်နှင့် စီမံခန့်ခွဲ တတ်သတဲ့။

ကလေးတို့ရေ ...

မောင်ရစ်က လူကောင်ထွားတယ်ကွယ့်။ ဗလခွန်အားကလည်း ကြီးပြီး၊ မှန်မှန်ကန်ကန်လုပ်တော့ကစားဖော်တွေအားလုံး သူ့ရဲ့ ဦးဆောင်တာကို နာခံကြရတာပေါ့ကွယ် ...၊

မောင်ရစ်ဆယ့်သုံးနှစ်အရွယ်မှာ ကိုရင်ဝတ်တယ်ကွယ့်။

ကံဆိုးချင်တော့ အဲဒီနှစ်မှာပဲ မောင်ရစ်ရဲ့အဖေ ကိုပေါက်တော ဆုံးသွားပါလေရော ...၊

မောင်ရစ်ဟာ ကိုရင်ထွက်လိုက်ရတယ်။

စာလည်းဆက်မသင်နိုင်တော့ဘူး။

မိခင်ကြီးနှင့်ညီအစ်ကိုမောင်နှမတွေကို အစ်ကိုကြီးပီသစွာ ပင်ပမ်းဆင်းရဲစွာ အလုပ်လုပ်ပြီး ကျွေးမွေးရသတဲ့ကွယ် ...၊

ကလေးတို့ရေ ...

ဦးဦးအခုပြောနေတာက အင်္ဂလိပ်ဗိုလ်ချုပ်တွေကတောင် လေးစားချီးကျူးရတဲ့ မြန်မာ့စစ်သူကြီးတစ်ယောက်ရဲ့ ငယ်ငယ်က ဘဝအကြောင်းတွေပဲကွယ့် ...၊

မိတ်ဆွေစာပေ

ဒီလို တောကြိုအုံကြားက၊ ဆင်းဆင်းရဲရဲ ကောင်လေး
တစ်ယောက်၊

သေနင်္ဂဗျူဟာ စစ်ပညာမှာ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ပြီး

ရန်သူတပ်တွေ ပြုတ်ပြုတ်ပြုန်းအောင်၊ ရန်သူတွေ ထိတ်လန့်
ချောက်ချားအောင်လုပ်နိုင်တဲ့ စစ်သူကြီးတစ်ယောက်အဖြစ် ...

ဘယ်လိုရောက်လာခဲ့တာလည်း ...။

ကလေးတို့ အံ့သြနေကြသလား။

ဒါဟာ၊ အံ့သြစရာတော့ မဟုတ်ဘူးနော်။

တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေ၊ ကျောက်သံပတ္တမြားတွေ
ဘယ်ကထွက်တာလဲ။

တောတွေ တောင်တွေကပဲ ထွက်တာမဟုတ်လား။

ငယ်နာမည်မောင်ရစ်၊

နောင်တစ်ချိန်မှာ

ရန်သူတွေ ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်ရတဲ့။

လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝတဲ့၊

အဖိုးမဖြတ်နိုင်တဲ့၊ မြန်မာ့သားကောင်းရတနာ

စစ်သူကြီးမဟာဗန္ဓုလကလည်း တောအရပ်ဒေသကနေ
ပေါ်ထွန်းလာတယ်ဆိုတာ ကလေးတို့မှတ်ထားကြနော် ...။



# မောင်ရစ်၏ရဲစွမ်းသတ္တိ

ကလေးတို့ရေ ...

မောင်ရစ်အရွယ်ရောက်တော့ ရှင်မင်းဘူးဆိုတဲ့ မိန်းမပျိုနှင့် တွေ့ဆုံပြီး လက်ထပ်သတဲ့။

မောင်ကျန်းကြီးဆိုတဲ့ သားတစ်ယောက်အရမှာ အကျိုးမများတဲ့ နှမ်းခင်းကို စွန့်လွှတ်လိုက်တယ်။ "

အမရပူရနန်းမြို့တော်ကို တက်လာပြီး အိမ်ရှေ့မင်းရဲ့ အိမ်တော်မှာ သာမန်အမှုထမ်းအနေနှင့် အလုပ်လုပ်တယ်ကွယ့်။

ကလေးတို့ရေ ...။

မောင်ရစ်ဟာ လုံ့လဝီရိယရှိပြီး တာဝန်ဝတ္တရားကျေပွန်သူ ကွယ့် ...။

ပေါင်းသင်းဆက်ဆံရေးကလည်းကောင်း၊ သူတစ်ပါးကိုလည်း ကူညီတတ်တော့ တွေ့ဆုံသိကျွမ်းသူတိုင်းက ခင်ခင်မင်မင် ရှိကြတယ်ကွယ့် ...။

တစ်နေ့တော့ မောင်ရစ်၊ အိမ်ရှေ့မင်းအပါးမှာ ခစားနေတုန်း

"မောင်မင်းမျက်စိက ကောင်းနေသလိုပဲ" လို့ အိမ်ရှေ့မင်းက ကျီစားတော်မူသတဲ့။

မောင်ရစ်ရဲ့မျက်စိကလည်း နည်းနည်းစောင်းနေတာကိုး၊

အဲဒီအခါမှာ မောင်ရစ်က ရဲရဲဝံ့ဝံ့လျှောက်တယ်ကွယ့်၊

"ဒီလို မျက်စိမျိုးဟာ တစ်နေရာတည်းသာမကဘူး။ နှစ်နေရာကို တစ်ပြိုင်တည်းကြည့်နိုင်တဲ့ မျက်စိမျိုးပါ။

မျက်စိတစ်ဖက်က အရှင့်အမှုတော်ကို ကျေပွန်အောင်ထမ်းနိုင်ပြီး

ကျန်တဲ့မျက်စိတစ်ဖက်က တိုင်းပြည်တာဝန်ကို ကျေပွန်အောင် ထမ်းရွက်ရန် ကြည့်နိုင်ပါတယ်။

ဒီလို၊ တစ်ကြိမ်ကြည့်ရုံနှင့် အကျိုးနှစ်ရပ်ပြီးစီးနိုင်တဲ့အတွက် ရိုးရိုးမျက်စေ့ရှိသူတွေထက် ပိုကောင်းတဲ့မျက်စိမျိုးဖြစ်ကြောင်းပါ"

မောင်ရစ်ရဲ့ စကားအချက်ကျကျ လျှောက်တင်တာကို အိမ်ရှေ့မင်းက သဘောကျသွားတယ်ကွယ့်။

"မောင်မင်းလျှောက်တင်တာနှင့်၊ ငါတို့ကောင်းတဲ့မျက်စိတွေတောင်၊ စောင်းအောင်လုပ်ရမယ့်ပုံပဲ" လို့ ပြုံးပြီးမိန့်သတဲ့။

မိုးဟော်သွေးစာပေ

အဲဒီနောက်ရက်များမကြာမီမှာပဲ မောင်ရစ်ကို ကိုယ်ရံတော်အဖြစ် တိုးမြှင့်ခန့်ထားလိုက်သတဲ့ကွယ်။

ကလေးတို့ရေ ...

ကိုယ်ရံတော်ဖြစ်သွားတဲ့မောင်ရစ်ဟာ အိမ်ရှေ့မင်းရဲ့ အိမ်တော်လုံခြုံရေးကို တာဝန်ကျေအောင် တိတိကျကျထမ်းဆောင်တယ်ကွယ့်

ရဲစွမ်းသတ္တိကလည်းရှိတော့ အိမ်ရှေ့မင်းရဲ့ အိမ်တော်ကို "အိလူးစောင့်နေပြီ" လို့တောင် ပြောကြဆိုကြသတဲ့။

ကလေးတို့ရေ၊ တစ်နေ့မှာတော့ မောင်ရစ်ဟာ အပြစ်ကြီးတစ်ခုကို ကျူးလွန်မိလိုက်တယ်ကွယ့်။

အိမ်ရှေ့မင်းရဲ့ရှေ့တော်မှာ မှူးမတ်၊ ဗိုလ်ပါအစုံအလင် ခစားနေကြတုန်း၊ မောင်ရစ်က နန္ဒဗလဆိုတဲ့ ရဲမက်ရဲ့ကျောကို ရုတ်တရက် တတောင်နှင့်ထထောင်းလိုက်တာတဲ့ကွယ် ...၊

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားရတာပေါ့၊

မှူးမတ်အချို့ကလည်း အိမ်ရှေ့မင်းကို ကာကွယ်ဖို့ ဝန်းရံလိုက်ကြတာပေါ့။

ပြဿနာရဲ့အစကိုရှာတော့ မောင်ရစ်ဖြစ်နေတယ် ...

မိတ်ဆွေစာပေ

"တဲ့၊ ရေစ် ဘာကြောင့် ဒီလိုလုပ်ရတာလဲ" လို့ အိမ်ရှေ့မင်းက မေးသတဲ့။

ကလေးတို့ရေ …

ရန်ဖြစ်တာက အပြစ်သိပ်မကြီးပေမယ့်၊ အိမ်ရှေ့မင်းရဲ့ ရှေ့မှောက်မှာ ဖြစ်တာမို့ …၊

ပြည်နှင်ဒဏ်(အိမ့်မဟုတ်)သေဒဏ်ထိုက်တဲ့အပြစ် ဖြစ်နေတယ် ကွယ့်။

အိမ်ရှေ့မင်းရဲ့ အမေးကိုမောင်ရစ်ဖြေတာလည်းကြည့်

"မှန်လှပါ၊ ကျွန်တော်မျိုး ဒီလိုလုပ်တာ နန္ဒဗလကို စော်ကား လို၍ မဟုတ်ပါ။

ဘုန်းတော်ကြီးသောအရှင့်ကို ရိုင်းပျနှောင့်ယှက်လို၍လည်း မဟုတ်ပါ။

ကျွန်တော်မျိုးတာ ကာလရှည်ကြာကတည်းကပင်အမှုတော်ကို ကျေပွန်အောင် ထမ်းရွက်ခဲ့ပါသည်။

သနားတော်မူတဲ့ ရိက္ခာတော်နှင့်ဆုတွေလာဘ်တွေလည်း ရရှိ ခဲ့ပါသည်။

သို့သော် ရေစ်ဟူ၍ကား တစ်ကြိမ်တစ်ခါမျှ အခေါ်မခံခဲ့ရ ဘူးပါ။

ဝိဟာတေဇာပေ

ဘုန်းတော်ကြီးသော အရှင်က ငရစ်လို့အခေါ်ခံရလျှင်တော်ပြီ သေရင်လည်း သေပါစေဆိုပြီး နန္ဒဖလကို ထောင်းရခြင်းပါ။

ယခုအခါ ငရစ်လို့အခေါ်ခံရပြီဖြစ်တဲ့အတွက် ဘယ်လိုကြီး လေးတဲ့အပြစ်ကိုမဆို ခံယူပါမယ်ဘုရား" လို့ လျှောက်သတဲ့လေ။

အိမ်ရှေ့မင်းဟာ အပြစ်အလျှောက် မောင်ရစ်ကို ချုပ်နှောင် ထားပေမယ့်၊

ရဲစွမ်းသတ္တိနှင့်သွင်ပြင်လက္ခဏာကတော့ အမှုတော်ကို အသက် စွန့်ပြီး ထမ်းမယ့်သူလို့ တွေးမိသတဲ့။

ဒီကြောင့် နောက်ရက်မှာ မောင်ရစ်ကို ချုပ်နှောင်ထားရာက လွှတ်တယ်။

ထမ်းမြဲအမှုကို ဆက်လက်ထမ်းစေလို့ အမိန့်ချတော်မူလိုက် တယ်ကွယ့်။

အိမ်ရှေ့မင်းဟာ ဘိုးတော်မင်းတရားကြီးနှင့်တွေ့တော့ မောင်ရစ်ရဲ့အကြောင်းကို ပြောပြတာပေါ့။

မင်းတရားကြီးလည်း မောင်ရစ်ရဲ့ ရဲစွမ်းသတ္တိကို သဘော ကျပြီး "ဗြဲတိုက်သံဆင့်အရာ" တိုးမြှင့်ခန့်ထားလိုက်တယ်။

နောက်များမကြာမီမှာပဲ "နေမျိုးသူရရဲခေါင်" ဆိုတဲ့ ဘွဲ့ပေးပြီး ဒိပဲယင်းမြို့ဝန်ရာထူး ခန့်အပ်တော်မူလိုက်ပြန်တယ်ကွယ့်။

ကလေးတို့ စဉ်းစားကြည့်လေ ...

တာဝန်ဝတ္တရား ကျေပွန်အောင် ထမ်းဆောင်ခဲ့လို့သာ ဒီလို ရဲရဲဝံ့ဝံ့၊ လုပ်ရဲ၊ ပြောရဲတာပေါ့နော် ...၊

တာဝန်ကိုကျေအောင်မလုပ်၊

ရေသာခို၊ အချောင်လိုက်နေတဲ့သူဆိုရင် ဒီလိုလုပ်ရဲ၊ ပြောရဲ ပါ့မလား။

ဒါကြောင့်၊

သတ္တိရှိပြီး၊ မှန်တာလုပ်၊ ဟုတ်တာပြောတဲ့သူသာ အမြင့်ကို တက်လှမ်းနိုင်တယ်ဆိုတာ ကလေးတို့ သတိပြုကြရမယ်နော် ...၊

မိတ်ဆွေစာပေ

# မဏိပူရတိုက်ပွဲ

ကလေးတို့ရေ ...

တောကြိုအုံကြားမှာ မွေးတဲ့ မောင်ရစ်တစ်ယောက် ...

ရိုးရိုးအမှုထမ်းကနေ ကိုယ်ရံတော်

ကိုယ်ရံတော်ကနေ ဗြဲတိုက်သံဆင့်အရာ

ဗြဲတိုက်သံဆင့်အရာကမှ ဒိပဲယင်းမြို့ဝန်၊

ဒီလိုရာထူးအဆင့်ဆင့် တက်လှမ်းလာတာဟာ ရဲစွမ်းသတ္တိတစ်ခုတည်းကြောင့်တော့မဟုတ်ဘူးကွယ့်။

ကံ၊ ဉာဏ်၊ ဝီရိယ ကြီးမားပြီး လေ့ကျင့်ကြိုးစားခဲ့တဲ့ သေနင်္ဂဗျူဟာ စစ်ပညာအတတ်တွေ။

ဓားခုတ်၊ လှံထိုး၊ ဆင်စီး၊ မြင်းစီးအတတ်တွေ ကျွမ်းကျင်ပိုင်နိုင်တာကြောင့်လည်း ဖြစ်တယ်ကွယ့်။

ဒီလိုစစ်ပညာတွေ တတ်မြောက်ထားတာကြောင့် အရေးကြုံ တဲ့အခါမှာ သူ့ရဲ့လက်ရုံးရည်ကို စွမ်းစွမ်းတမံ ပြသနိုင်ခဲ့တာပေါ့ ကွယ် ...၊

နေမျိုးသူရရဲ့ခေါင်ဘွဲ့ခံ မောင်ရစ်ရဲ့အစွမ်းသတ္တိကို ပထမဆုံး ပြသနိုင်ခဲ့တာက "မဏိပူရတိုက်ပွဲ"ဖြစ်တယ်ကွယ့်။

မဏိပူရပြည်ဟာ တပင်ရွှေထီး၊ ဘုရင့်နောင်တို့လက်ထက် ကတည်းက မြန်မာ့လက်အောက်ခံနိုင်ငံတစ်ခုကွယ့် ...၊

တစ်နေ့မှာ မဏိပူရစော်ဘွားကြီးဂျေဆင်း အနိစ္စရောက်သွား တယ်။

သားတော်နှစ်ပါးထီးနန်းလုတော့ သားကြီးချော်ဂျစ်ဆင်း ထီးနန်းရသွားတယ်။

သားငယ် မာဂျစ်ဆင်း မဏိပူရက ထွက်ပြေးလာပြီး မြန်မာ ဘုရင်ဘိုးတော်မင်းတရားဆီ ဝင်ရောက်ခိုလှုံတယ်ကွယ့်။

မြန်မာဘုရင်က အကျိုးအကြောင်းသိရအောင် ချော်ဂျစ်ဆင်းကို မြန်မာနန်းတော်လာဖို့ ခေါ်တယ်။

ချော်ဂျစ်ဆင်းက အတွေးလွန်တယ်ကွယ့်။

သူ့ညီမာဂျစ်ဆင်းရဲ့ တစ်ဖက်သတ်စကားကိုယုံပြီး မြန်မာ ဘုရင်က ခေါ်တာဖြစ်မယ်။

မိတ်ဆွေစာပေ

မြန်မာပြည်ကိုသွားရင် ထောင်ချောက်ထဲဝင်မိတဲ့သားသမင်လို ပြန်လမ်းရှိမှာ မဟုတ်ဘူးလို့ တွေးတယ်။

ဒါကြောင့်၊ "ဖြစ်ချင်ရာဖြစ်၊ မလာနိုင်ဘူး" လို့ ပြန်ကြားလိုက်သတဲ့။

ချော်ဂျစ်ဆင်းဟာ "ဘုန်းလက်ရုံးနှင့်ပြည့်စုံတဲ့ မြန်မာဘုရင်ရဲ့ အမိန့်ကို မလေးမစားငြင်းပယ်မိတာမှားပြီ" လို့ နောက်မှ နောင်တရမိတယ်။

ဒါပေမယ့် "မကြောက်နှင့်၊ ငါတို့ရှိတယ်" လို့ နောက်ကနေ တိတ်တိတ်ကလေး မြှောက်ပေးနေတဲ့ အင်္ဂလိပ်တွေကြောင့် မြန်မာဘုရင်ကိုဆက်ပြီး အာခံမိတယ်ကွယ့်။

ကလေးတို့ရေ ... အဲဒီအချိန်မှာ

အင်္ဂလိပ်တွေဟာ မဏိပူရနှင့်ကပ်နေတဲ့ အိန္ဒိယဘင်္ဂလားနယ်ကို သိမ်းထားပြီးပြီကွယ့် ...၊

မြန်မာဘုရင်ရဲ့ ဩဇာအာဏာအနောက်ဖက်ကို တဖြေးဖြေးကြီးမားလာတာတွေ့တော့ ဘင်္ဂလားနယ်ထိရောက်လာမလားလို့ စိုးရိမ်နေကြတာပေါ့ကွယ် ...၊

ဒါကြောင့် မဏိပူရကို မြှောက်ပေးတာပေါ့။

မိတ်ဆွေစာပေ

ချော်ဂျစ်ဆင်းလည်း အင်္ဂလိပ်မြှောက်ပေးတာကို အဟုတ်ထင်ပြီး အခကြေးငွေယူပြီး စစ်တိုက်ပေးတဲ့ လက်နက်ကိုင် အိန္ဒိယကုလားတွေကိုငှားတယ်။

မြန်မာတပ်တွေလာမယ်ထင်ရတဲ့လမ်းတွေကနေ ပိတ်ပြီးတပ်တွေအခိုင်အလုံချထားသတဲ့။

ချော်ဂျစ်ဆင်း စစ်ပြင်ဆင်တဲ့သတင်းကို မြန်မာဘုရင်သိတော့ မင်းလှမဟာနော်ရထာကို ဗိုလ်ချုပ်ခန့်ပြီး မဏိပူရကို စစ်ချီစေတယ်။

ဗိုလ်ချုပ်ရဲ့လက်အောက်မှာ ဒိပဲယင်းမြို့ဝန် နေမျိုးသူရဲခေါင်လည်းတပ်တွေကို ဦးစီးချီတက်ရတယ်ကွယ့်။

ဒီလိုနှင့်အိုင်မွန်ချောင်းရွာအနီးမှာ မဏိပူရတပ်တွေနှင့် မြန်မာတပ်တွေ ရင်ဆိုင်တိုးမိကြတာပေါ့ …၊

ကလေးတို့ရေ …

မဏိပူရတပ်က လူသူလက်နက်အင်အား၊ နေရာကောင်းကိုကြိုတင်စီစဉ်ပြီး၊ သေသေချာချာ ပြင်ဆင်စောင့်နေတာကိုးကွယ့်။

တိုက်ပွဲစဖြစ်တာနှင့် မြန်မာတပ်တွေ **အလူးအလဲခံရတာပေါ့။**

ရှေ့ကချီသွားတဲ့ မြန်မာတပ်က ဆုတ်ခံ ခံရတယ်ကွယ့်။

နောက်ဆုတ်ရင်း၊ နောက်ဆုတ်ရင်းနှင့် တပ်ရဲ့အနေအထားက ဗထက်မြိုက်ပုံဖြစ်သွားတာပေါ့ ...၊

အဲဒီအချိန်မှာ နေမျိုးသူရရဲခေါင်ဟာ လက်ယာဘက်ကတပ်ကို ဦးစီးနေတယ်။

သူ့ရဲ့တပ်နောက်မဆုတ်ရအောင် ကွပ်ကဲရင်း ရန်သူ့တပ်ရဲ့ အခြေအနေကို အကဲခတ်နေတယ်။

မဏိပူရတပ်တွေဟာ ဆုတ်ခံ ခံနေတဲ့ မြန်မာတပ်ကို အတင်းလိုက်တိုက်ရင်း မြန်မာတပ်ထဲထိကျွံပြီး ဗထက်မြိုက်အကွေးထဲ ဝင်လာတာ သတိပြုမိလိုက်တယ် ...

နေမျိုးသူရရဲခေါင်ဟာ အလောတကြီးတက်နေတဲ့ မဏိပူရတပ်ကို ရုတ်တရက် ခါးလည်ကဖြတ်ပြီး အပြင်းအထန်တိုက်တော့ တာပဲကွယ့် ...၊

မြန်မာလက်ဝဲဘက်တပ်ကလည်း အလယ်တပ်လို ဆုတ်ခံခံရတော့မယ်ဆိုဖြစ်နေတာနဲ့ နေမျိုးသူရရဲခေါင်ရဲ့ ပိုင်နိုင်တဲ့အကြံကို တွေ့တာနှင့် စက်ခေါင်းထိုးဖြတ်တိုက်လိုက်ကြတယ် ...

မဏိပူရတပ်တွေ နှစ်ပိုင်းဖြတ်ပြီ ထိုးစစ်တန့်သွားတာပေါ့။

နေမျိုးသူရရဲခေါင်ရဲ့စွမ်းရည်သတ္တိကြောင့် မြန်မာတပ်တွေ အရေးနိမ့်နေရာကနေ စစ်ရေးအသာစီးပြန်ရသွားတာပေါ့ကွယ် ...

ရန်သူ့ထိုးစစ်တန့်သွားတာနှင့် မြန်မာတပ်တွေက အပြင်းအထန် ရှပ်ရှပ်ချွံချွံတိုက်ခိုက်ကြသတဲ့။

နောက်ဆုံးမှာ မဏိပူရတပ်တွေ ဖရိုဖရဲ အကွဲကွဲအပြားပြား ဖြစ်သွားကြတာပေါ့ကွယ် ...၊

ငှားထားတဲ့ ကြေးစားကုလားစစ်သားတွေရော ...

ချော်ဂျစ်ဆင်းရဲတပ်တွေရော၊

နောက်ကျတဲ့ခြေထောက်၊ သစ္စာဖောက်ဆိုပြီး အသက်လု ပြေးကြရတာပေါ့ ...၊

မြန်မာတပ်တွေဟာ ရန်သူတွေထွက်ပြေးတဲ့နောက်ကို ထပ်ချပ် မကွာလိုက်ပြီး ချေမှုန်းကြသတဲ့။

ချော်ဂျစ်ဆင်းကလည်း သူ့တပ်တွေကို ပြန်စုစည်းပြီး အကြီး အကျယ် ခုခံသေးတယ်ကွယ့်။

ဒါပေမယ့် မြန်မာတပ်တွေရဲ့ အရှိန်အဟုန်ကို နဂိုကတည်းက ကြောက်လန့်နေတဲ့သူတွေပဲ။

စစ်ရှုံးလို့ ထွက်လည်းပြေးနေရပြီဆိုတော့ စိတ်ဓာတ်ကအစ ပျက်ပြားနေတာပေါ့ ...

ဒီကြားထဲ မြန်မာတပ်တွေကလည်း အသက်ကို အသက်လို့ မမှတ်ဘူးကွယ့်။

အတင်းဝင်၊ အတင်းတိုက်နေကြတယ် ...၊

ဘယ်လိုမှ မခံနိုင်တဲ့အဆုံး ဇော်ဘွားချော်ဂျစ်ဆင်းဟာ မဏိပူရက ထွက်ပြေးသွားရတယ်ကွယ့် ...

မဏိပူရတိုက်ပွဲမှာ မြန်မာတပ်တွေဟာ ရန်သူ့ဆီက ဆင်တွေ၊ မြင်းတွေအပြင် ပက်နက်အမြောက်အများကိုလည်း သိမ်းဆည်းနိုင်ခဲ့တယ်။

အဲဒီနောက်မှာတော့ မြန်မာတပ်နှင့်အတူပါလာတဲ့ ဇော်ဘွားညီ မာဂျစ်ဆင်းကို ဇော်ဘွားအရာနှင့် နန်းတင်ပေးပြီး

အောင်ပွဲရမြန်မာတပ်တော်ကြီး ပြည်တော်ပြန်ခဲ့ကြတာပေါ့ကွယ်။

# မဟာဇနကလနှင့်သမိုင်းဝင်တိုက်ပွဲများ

ကလေးတို့ရေ ...

မဏိပူရတိုက်ပွဲဟာ နေမျိုးသူရရဲခေါင်ရဲ့ စွမ်းရည်သတ္တိကို ပြခွင့်ရတဲ့တိုက်ပွဲဖြစ်တယ်ကွယ့်။

အဲဒီတိုက်ပွဲကြောင့် နေမျိုးသူရရဲခေါင်ရဲ့ လက်ရုံးရည်ကို အကြီးအကဲ ဗိုလ်ချုပ်တွေ သိသွားကြတယ်။

အာသံပြည်တိုက်ပွဲမှာတော့ သူ့ရဲ့ပြင်းပြတဲ့ဇာတိမာန်နှင့် ရှပ်ရှပ်ချွံချွံ တိုက်ခိုက်မှုတွေကြောင့် ဂုဏ်သတင်းပိုပြီးကြီးမားလာခဲ့တာပေါ့ကွယ်။

# အာသံတိုက်ပွဲ

အာသံပြည်တိုက်ပွဲဖြစ်ရတဲ့အကြောင်းက ဒီလိုကွယ့် ...

ဟိုးအရင်ကတည်းက မြန်မာက နန်းတင်ပေးထားတဲ့ အာသံဘုရင်ချန္ဒရော ကန္တာဆင်းကို သူပုန်တပ်တွေက ကုလားစစ်ဗိုလ်ရှိ အလုံးအရင်းများစွာနှင့် တိုက်ခိုက်ပြီး နန်းချလိုက်တယ်ကွယ့် ...။

အဲဒီအကြောင်းကို မြန်မာဘုရင်သိသွားတယ်။

မြန်မာ့လက်အောက်ကနိုင်ငံ၊ သစ္စာတော်ခံဘုရင်ကို ထိပါးတဲ့အတွက် တပ်အလုံးအရင်းနှင့် ချီတက်ကြတာဖြစ်တယ် ...။

အာသံချီစစ်ကြောင်းမှာ နေမျိုးသူရရဲခေါင်ရဲ့တပ်က တပ်ဦးချီတက်ရတယ်ကွယ့် ...။

အာသံသူပုန်တပ်တွေကလည်း ဆင်ကောင်း၊ မြင်းကောင်း၊ စစ်သည်ကောင်းတွေနှင့် လမ်းခရီးကနေ ပိတ်ဆို့တိုက်ခိုက်ကြသတဲ့ ...၊

တပ်ဦးစီးနေမျိုးသူရရဲခေါင်ရဲ့တပ်တွေဟာ ဆီးကြိုပိတ်ဆို့တဲ့ ရန်သူတပ်တွေကို တစ်တပ်ပြီးတစ်တပ် ချေမှုန်းပြီး ချီတက်ခဲ့ကြတယ်။

ဒီလိုနှင့်ရန်သူ့မြို့ရိုးအနီးထိ ချဉ်းကပ်မိကြတယ်။

ရန်သူတွေကလည်း လက်နက်လူသူ အလုံးအရင်းနှင့် အပြင်းအထန် ခုခံပစ်ခတ်ကြတာပေါ့ ...၊

မြန်မာတပ်တွေကလည်း စစ်ကြောင်းသုံးကြောင်းခွဲပြီး ဇာတိမာန်ပြင်းထန်စွာနှင့် တိုက်ခိုက်ကြသတဲ့ ...၊

အာသံတပ်တွေပျက်ပြီး ပရမ်းပတာဖြစ်နေချိန်မှာ အကြဲကြီးကြဲပစ်လိုက်မယ်လို့ အားခဲထားတဲ့ နေမျိုးသူရရဲခေါင်ဟာ စေးစုတ်ကျွမ်းကျင်တဲ့ စစ်သည်တစ်ရာကို ရွေးထုတ်လိုက်တယ်။

လက်ရွေးစင် စစ်သည်တွေကို အကောင်းဆုံးမြင်းတွေပေးပြီး မြင်းတပ်ဖွဲ့တယ်။

ရန်သူ့တပ်ကို အတင်းထိုးဖောက်တိုက်ခိုက်ပြီး မြို့သိမ်းတိုက်ပွဲဆင်နွှဲလိုက်ကြတယ်ကွယ့်။

မြန်မာတပ်တွေဟာ အာသံစစ်ခေါင်းဆောင်အမတ်ကြီးနှင့်လူသုံးထောင်ကျော်ကို သုတ်သင်လိုက်နိုင်ခဲ့တယ်။

တိုက်ဆင် ၅၀ နှင့် လက်နက်လူသူအမြောက်အများကိုလည်း ရရှိလိုက်ပြန်သတဲ့။

အာသံတိုက်ပွဲအပြီးမှာတော့ နေမျိုးသူရရဲခေါင်ကို ဒီပဲယင်းမြို့ဝန်ရာထူးကနေ သူ့ထက်ပိုပြီး အရေးပါ၊ ကြီးကျယ်တဲ့ အလုံမြို့ဝန်ရာထူးကို တိုးတက်ချီးမြှင့်လိုက်တယ်ကွယ့်။

အဲဒီနောက် မကြာမီမှာပဲ နေမျိုးသူရရဲခေါင်ကို "မင်းကြီးမဟာဇေယျလ" ဆိုတဲ့ဘွဲ့ကို ထပ်မံချီးမြှင့်ခြင်းခံရသတဲ့ကွယ့်။

## ရှင်မဖြူကျွန်းအရေးတော်ပုံ

တစ်နေ့တော့မြန်မာပိုင်ရှင်မဖြူကျွန်းကို အင်္ဂလိပ်က သိမ်းလိုက်တယ်။

အင်္ဂလိပ်အလံစိုက်ပြီး ကင်းတစ်ချထားတယ်။

အင်္ဂလိပ်တပ်တွေကျွန်းပေါ်ကဖယ်ရှားပေးဖို့ မြန်မာဘက်က တောင်းဆိုခဲ့ပေမယ့် အင်္ဂလိပ်က မလိုက်နာခဲ့ဘူးကွယ့်။

မြန်မာဘုရင်ကတပ်စေလွှတ်ပြီး တိုက်ခိုက်လိုက်တယ်။ ရှင်မဖြူကျွန်းပေါ်မှာ မြန်မာ့အောင်းအလံစိုက်ပြီး ပြန်လာခဲ့ကြတယ်။

သိပ်မကြာခင်မှာပဲ အင်္ဂလိပ်ကလည်း ကုလားခြေလျင်တပ်နှစ်တပ်နှင့် အမြောက်တင်သင်္ဘောလေးစင်းလွှတ်ပြီး မြန်မာအစောင့်မရှိတဲ့ ရှင်မဖြူကျွန်းကိုပြန်ပြီး သိမ်းလိုက်တယ်ကွယ့် ...

ကျွန်းပေါ်မှာ ခံတပ်ဆောက်ပြီး အခိုင်အမာနေကြတယ်။

ရှင်မဖြူကျွန်းအရေးကိစ္စကို ညီလာခံမှာ ဆွေးနွေးတိုင်ပင်ကြပြီး အဂ္ဂမဟာသေနာပတိဝန်ကြီး မင်းကြီးမဟာဗန္ဓုလကို အကြီးအမှူးခန့်ပြီး အင်္ဂလိပ်ကိုတိုက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်ကွယ့် ...။

## ပန်းဝါတိုက်ပွဲ

မဟာဗန္ဓုလဟာ စစ်သည်ရဲမက်တွေ စုဆောင်းပြီး တပ်တွေကို စနစ်တကျဖွဲ့စည်းတယ်။

စစ်တပ်ကြီးအခိုင်အမာဖွဲ့စည်းပြီးတာနှင့် ညေဝတီကြောင်း ကနေ ချီတက်ခဲ့ကြတယ်။

မဟာဗန္ဓုလရဲ့တပ်တွေ ညေဝတီကို ရောက်တာနှင့် ကပ္ပတိန် နော်တင်အုပ်ချုပ်တဲ့ အင်္ဂလိပ်စစ်တပ်ကြီးကလည်း စစ်တကောင်းနယ် ပန်းဝါမှာ အသင့်ရှိနေကြတယ်ကွယ့်။

မဟာဗန္ဓုလဟာ စစ်ကဲကြီးမဟာသီဟသူရ(မြဝတီမင်းကြီး ဦးစ)ကို ရှေ့ဦးချီပြီး ပန်းဝါကိုချီတက်တိုက်ခိုက်ဖို့ အမိန့်ပေးလိုက် တယ် ...။

အင်္ဂလိပ်တွေက အကာအကွယ်ကောင်းတဲ့ မြစ်ကမ်းခြေကို နေရာယူပြီး တပ်ချထားသတဲ့ ...။

အင်္ဂလိပ်တွေရဲ့ သေနတ်၊ အမြောက်တွေက အရမ်းထိရောက် တော့ မြန်မာတပ်က ရှေ့တိုးတိုက်ဖို့ အခက်အခဲရှိနေတာပေါ့ ...။

ဒါနှင့်၊ ညအချိန်မှာ အင်္ဂလိပ်တပ်တွေရှိရာကို တဖြည်းဖြည်း ချီတက်သွားပြီး ညတွင်းချင်း ခံကတုတ်တွေတူးပြီး နေကြတယ်။

နေ့ခင်းရောက်တော့ ခံကတုတ်ထဲကနေ တိုက်ခိုက်တယ်။

ဒီလိုနှင့်ရက်မကြာခင်မှာ အင်္ဂလိပ်တပ်တွေနှင့် သိပ်မဝေးတဲ့ နေရာကို ရောက်လာတယ်။

အဲဒီတော့မှ ခံကတုတ်တွေထဲကထွက်၊ မရပ်မစဲ၊ တသဲသဲ ပစ်နေတဲ့ လက်နက်ကျည်ဆံတွေထဲ တိုးဝင်ပြီး ထိုးခုတ်၊ ပစ်ခတ်၊ တိုက်ခိုက်ကြတယ်ကွယ့် ...၊

ကပ္ပတိန်နော်တင်နှင့်အင်္ဂလိပ်တပ်ကြီးတစ်ခုလုံး မြန်မာတပ်တွေ ကြားထဲမြုပ်သွားသတဲ့။

မြန်မာတပ်တွေက သတ္တိသွေးပြပြီး ရဲရဲရင့်ရင့်အားပါးတရ တိုက်ခိုက်ကြတယ်။

အင်္ဂလိပ်တွေ အကျအဆုံးများစွာနှင့် တပ်ပျက်ပြီး ထွက်ပြေး ကြရတယ်ကွယ့် ...၊

နောက်တစ်ခါ နတ်မြစ်ဝမှာ တပ်စွဲနေတယ်ကြားတာနှင့် မဟာဗန္ဓုလဟာ သူ့တပ်တွေနှင့် အမြန်ချီတက်ပြီး သွားတိုက် တော့လည်း အင်္ဂလိပ်တွေ ဒသဘောကလွတ်အောင် မနည်း ထွက်ပြေးကြရသတဲ့ ...၊

ပန်းဝါတိုက်ပွဲမှာ အင်္ဂလိပ်တပ်သားတွေ အမြောက်အများ သေပြီး ၃၀၀ ကျော်ကို အရှင်ဖမ်းမိတယ်။

သေနတ် ၅၀၀ ကျော်၊ အမြောက်ကြီးနှစ်လက် ဆင် ၅ စီးနှင့် စစ်မြင်း ၂၀ ကိုလည်း သိမ်းဆည်းရမိသတဲ့။

မဟာဗန္ဓုလဟာ ဖမ်းဆီးရမိတဲ့ လူသူသုံ့ပန်းတွေနှင့် ပစ္စည်းတွေကို စစ်ဆေးပြီး စစ်အောင်နိုင်တဲ့ အထိမ်းအမှတ်အနေနှင့် နေပြည်တော်ကို ပို့ပေးလိုက်သတဲ့ ...

အင်္ဂလိပ်လက်အောက်ခံ အိန္ဒိယ၊ ဘင်္ဂလားနယ်တစ်ခုလုံး စိုးရိမ်ထိတ်လန့်ခြင်းတွေနှင့် ချောက်ချားသွားတယ်။

မဟာဗန္ဓုလတပ်လို့ ကြားတာနှင့် ကြောက်ဒူးတုန်နေကြသတဲ့ကွယ် ...။

မိတ်ဆွေစာပေ

## သူ့ကျွန်မခံစစ်သူကြီး

ကလေးတို့ရေ ...

ပန်းဝါနှင့်နယ်စပ်ဒေသတွေမှာ အကျအဆုံးများစွာနှင့် စစ်ရှုံးရတဲ့ အင်္ဂလိပ်တွေဟာ ညာဏ်နီညာဏ်နက် ထပ်သုံးကြပြန်သတဲ့ ...၊

"ကုန်းကြောင်းတိုက်ပွဲမှာ မယှဉ်နိုင်ရင် ရေကြောင်းကနေ သွားတိုက်မယ်။

သူတို့သာ ရေကြောင်းမှာ အသာစီးရရင် မဟာဗန္ဓုလရဲ့ တပ်တွေကို ပန်းဝါကနေ ပြန်ခေါ်လိမ့်မယ်။

ဒါမှ ဘင်္ဂလားကအင်္ဂလိပ်တပ်တွေ အသက်ရှူချောင်မယ်။

ဘင်္ဂလား၊ အိန္ဒိယထိလည်း မြန်မာတွေ ဆက်မတိုက်နိုင်တော့ဘူး"လို့ သုံးသပ်ကြတယ်။

အဲဒီသုံးသပ်ချက်နှင့် ရေကြောင်းကနေ စစ်သင်္ဘောတွေ ချီတက်သွားပြီး ယာန်အောင်ကျွန်းကို သိမ်းလိုက်သတဲ့ ...၊

မဟာဗန္ဓုလဟာ အင်္ဂလိပ်တွေရဲ့အကြံကို ရိပ်မိလိုက်တယ်။

"ပင်လယ်ရေကြောင်းကာနေလှည့်ပြီး ရန်ကုန်နှင့်ဟံသာဝတီကို အင်္ဂလိပ်တွေ ထိပါးလာနိုင်ပါတယ်။

အုပ်ချုပ်မှုနှင့်စစ်ရေးစွမ်းရည်ထက်မြက်သူတွေနှင့် ကာကွယ်ဖို့အတွက် ကြိုတင်လုပ်ဆောင်ထားသင့်ပါတယ်" လို့ နေပြည်တော်ကို လျှောက်ထားအကြောင်းကြားလိုက်တယ်ကွယ့်။

မဟာဗန္ဓုလရဲ့ သတိပေးစာကို ရပေမယ့် စစ်ရေးစစ်ရာ အကာအကွယ်တွေလုပ်ဆောင်ဖို့ နေပြည်တော်က နှောင့်နှေးနေတယ်ကွယ့် ...।

၁၈၂၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့မှာ ရန်ကုန်မြစ်ထဲကို အင်္ဂလိပ်စစ်သင်္ဘောတွေ ရုတ်တရက်ဝင်လာကြတယ်။

မျှော်လင့်မထားတဲ့အတွက် ရန်ကုန်မြို့ဝန်ဟာ အံ့ဩတွေဝေသွားတယ်။

ရန်သူကို ခုခံကာကွယ်လောက်အောင် လူသူလက်နက်အင်အားမရှိတဲ့အတွက် မြို့ဝန်နှင့် သူ့ရဲ့တပ်သားတွေဟာ အင်္ဂလိပ်အမြောက်ဆန်မမီနိုင်တဲ့နေရာအထိ ဆုတ်ခွါသွားကြရတယ်ကွယ့်။

အင်္ဂလိပ်ဟာ ရန်ကုန်ကို အေးဆေးလွယ်ကူစွာ သိမ်းပိုက်ပြီး ရွှေတိဂုံဘုရားကုန်းတောင်ပေါ်မှာ အခိုင်အမာတပ်စွဲနေကြတယ် ...

မြန်မာဘုရင်က တပ်တွေစေလွှတ်ပြီး ရန်ကုန်ပြန်ရအောင် အကြိမ်ကြိမ်တိုက်တယ်ကွယ့်။

ဒါပေမယ့် သဘာဝခံတပ်ကြီးလိုဖြစ်နေတဲ့ ရွှေတိဂုံကုန်းတော်ပေါ်က အင်္ဂလိပ်တွေကိုနိုင်အောင် မတိုက်နိုင်ခဲ့ဘူး။

အကျအဆုံးများစွာနှင့်ပဲ တပ်ဆုတ်နေရတယ်။

နောက်ဆုံးမှာတော့ ...

အင်္ဂလိပ်တွေ ကြိုတင်တွက်ချက်ထားသလို ပန်းဝါရောက်နေတဲ့ မဟာဗန္ဓုလကို ပြန်ခေါ်လိုက်ရတာပေါ့ကွယ် ...၊

မဟာဗန္ဓုလဟာ တပ်နုတ်ပြီး နေပြည်တော်ကို ပြန်ဆုတ်လာခဲ့တယ် ...၊

လျှို့ဝှက်ပြီး တိတ်တဆိတ် ဆုတ်ခွာသွားတဲ့အတွက် မြန်မာတပ်ကြီးတစ်တပ်လုံး ဆုတ်သွားတာကို ဘယ်သူမှ မသိလိုက်ဘူးတဲ့။

မဟာဗန္ဓုလတပ်ကို အမြဲစောင့်ကြည့်နေတဲ့ အင်္ဂလိပ်တပ်ကတောင် မဟာဗန္ဓုလ နေပြည်တော်ရောက်မှ သိကြသတဲ့။

ဘုရင်မင်းမြတ်ဟာ မဟာဗန္ဓုလကို ခမ်းနားကြီးကျယ်စွာကြိုဆိုပြီး "သတိုးသုဓမ္မမဟာဗန္ဓုလ"ဘွဲ့နှင့် စစ်သူကြီးရာထူးကိုပါ ပေးအပ်ချီးမြှောက်တော်မူသတဲ့၊

ကလေးတို့ရေ ...

မင်းမျိုးမင်းနွယ်မဟုတ်တဲ့သူတိုင်းကို အမြင့်ဆုံးပေးတဲ့ဘွဲ့က "နေမျိုး"ဘွဲ့ပဲ ဖြစ်တယ်ကွယ့်။

မင်းညီမင်းသား မင်းမျိုးမင်းနွယ်ကိုပဲ "သတိုး"ဘွဲ့ပေးတယ်။ ကျွန် "နေမျိုး"၊ မင်း "သတိုး"လို့ အဆိုရှိတယ်ကွယ့်။

မဟာဗန္ဓုလကို မင်းမျိုးမင်းနွယ်မဟုတ်ဘဲ "သတိုး"ဘွဲ့ ချီးမြှင့်တာနှင့် အိမ်ရှေ့မင်းသားကိုသာ ပေးရတဲ့ "စစ်သူကြီး" ရာထူးကို ပေးတာတွေဟာ

မဟာဗန္ဓုလရဲ့ ကြီးကျယ်မြင့်မြတ်တဲ့လက်ရုံးရည် နှလုံးရည်တွေအတွက် ချီးမြှင့်ခံရတာတွေပဲဖြစ်တယ်။

ကလေးတို့ရေ ...

အင်္ဂလိပ်ဗိုလ်ချုပ်တွေဟာ မဟာဗန္ဓုလ ရန်ကုန်ကို ချီတက်လာပြီဆိုတာနှင့် သွေးလန့်နေကြတာပေါ့ကွယ် ...၊

မြင်းတပ်တွေ၊ အမြောက်တပ်တွေကို အိန္ဒိယကနေ အလျင်အမြန် လှမ်းမှာကြတယ်။

ပြီးတော့ မဟာဗန္ဓုလရဲ့တပ်တွေကို လူသူလက်နက်ရိက္ခာ မကူညီ မထောက်ပံ့နိုင်အောင် ပတ်ဝန်းကျင်က မြို့တွေရွာတွေကိုလည်း သိမ်းပိုက်ထားကြတယ်ကွယ့် ...

မိတ်ဆွေစာ...

မဟာဗန္ဓုလရဲ့တပ်ဟာ ဟံသာဝတီကြောင်း ချီလာပြီး ကျိုက်ကလို့တပ်စခန်းကို ရောက်လာတယ်။

"တစ်ကျွန်းသားကုလားဖြူ အင်္ဂလိပ်တွေရဲ့ ရန်စတော်ကားတာကို ပေါ့ပေါ့ဆဆ လုပ်နေရင် မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝကို ရောက်ကြရလိမ့်မယ်။

မိစ္ဆာလူမျိုးတွေရဲ့ ကျွန်ဖြစ်ရတာထက် မြန်မာ့ဂုဏ် မညှိုးအောင် တိုက်ခိုက်ရင်း သေရတာက ရာဇဝင်ပြောင်၍ မြတ်တယ်။

ငါတို့ရဲ့ ဘုရားမြေကို ငါတို့သွေးအသက်ဆက်ပြီး လဲယူရမယ်။

ရင်မြေတတုတ်လုပ်ပြီး တိုက်ကြစို့..."

မဟာဗန္ဓုလက စစ်ထွက်ကာနီးမှာ မိန့်ခွန်းပြောတယ် ...၊

ကလေးတို့ရေ ...

တကယ်ပဲ ရာဇဝင်ပြောင်ခဲ့ပါတယ်။

မဟာဗန္ဓုလဦးဆောင်တဲ့တပ်တွေဟာ လက်နက်အင်အား လူအင်အား အဆမတန်ကွာခြားတဲ့ ...

ရွှေတိဂုံဘုန်းတော်၊ သဘာဝခံတပ်ကြီးပေါ်မှာ အခိုင်အမာ နေရာယူထားတဲ့ အင်္ဂလိပ်နယ်ချဲ့ကို

ဇာတိသွေး၊ ဇာတိမာန်အပြည့်နှင့် မကြောက်မရွံ့တိုက်ခိုက်ခဲ့ကြတယ်။

အသက်သွေးတွေ တောင်ပုံရာပုံ ပေးဆက်ခဲ့ကြတယ် …၊

ဒါပေမယ့်

ရန်ကုန်ကိုတော့ ပြန်လည်မရယူနိုင်ခဲ့ဘူးကွယ့်။

တိုက်ပွဲပေါင်းအမြောက်အမြားနဲ့ပြီး အောင်ပန်းဆွတ်ခူးခဲ့တဲ့မဟာဗန္ဓုလဟာ

ရန်ကုန်တိုက်ပွဲမအောင်မြင်တဲ့အတွက် သိပ်ပြီးခံပြင်းသွားတယ်။

အရှက်နှင့်အတူ ဒေါသတွေလည်း ထွက်လာတယ်။

"ငါ့အသက်ရှင်သရွေ့ အင်္ဂလိပ်ကုလားဖြူတွေ ငါ့တပ်ကိုကျော်လွန်ပြီး မတက်စေရ"ဆိုတဲ့ ရဲရဲတောက်သန္နိဋ္ဌာန်လည်း ချလိုက်တယ်ကွယ့်။

မဟာဗန္ဓုလဟာ သူ့တပ်တွေကို ရန်ကုန်ကနေ ဆုတ်ခွာခဲ့တယ်။

ဓနုဖြူမြို့မှာ ခံတပ်ကြီးအခိုင်အလုံဆောက်တယ်။

လက်နက်လူသူ အင်အားစုဆောင်းတယ်။

ရန်ကုန်ကနေ မြန်မာ့မင်းနေပြည်ထိ ချီတက်လာမယ့် အင်္ဂလိပ်တွေကို တိုက်ခိုက်ဖို့ ပြင်ဆင်တယ် …

"ငါ့အသက်ရှင်နေသရွေ့ အင်္ဂလိပ်ကုလားဖြူတွေ ငါ့တပ်ကို ကျော်လွှန်ပြီး မတက်စေရ"ဆိုတဲ့ မဟာဗန္ဓုလရဲ့ သန္နိဋ္ဌာန်ဟာ သူ့အတွက် ရှေ့ပြေးနိမိတ်တစ်ခုလည်း ဖြစ်ခဲ့တယ်ပေါ့ကွယ် ...။

ပိတ်သွေးစာပေ

## မဟာဗန္ဓုလ၏ နောက်ဆုံးတိုက်ပွဲ

ကလေးတို့ရေ ...

ဓနုဖြူမြို့ဟာ ကုန်းမြင့်ပိုင်းမှာ ရှိတယ်ကွယ့်၊

ရန်ကုန်ကနေ ဧရာဝတီမြစ်အတိုင်း အထက်ဘက်သွားတဲ့ ရေကြောင်းလမ်းကို စိုးမိုးချုပ်ကိုင်ထားနိုင်တဲ့နေရာပေါ့ကွယ် ...၊

ပြီးတော့ အထက်နှင့်အောက် ခရီးလမ်းဆုံကျတဲ့အတွက် စစ်ထောက်ပံ့ရေးစခန်းကြီးလည်းဖြစ်တယ်ကွယ့် ...၊

အဲဒါကြောင့်လည်း စစ်သူကြီး မဟာဗန္ဓုလက ဓနုဖြူမှာ အခိုင်အမာခံတပ်ကြီး တည်ဆောက်ခဲ့တာပေါ့ကွယ် ...၊

ခံတပ်ကြီးတည်ဆောက်ထားပုံကို ကလေးတို့သိအောင် နည်းနည်းပြောပြမယ်နော် ...၊

ခံတပ်ကြီးကို ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် တည်ဆောက်ထားပြီး အလျားတစ်မိုင်ခန့်ရှည်ပြီး အကျယ်အဝန်းက ပေ ၁၅၀၀ ကနေ ၂၄၀၀ ထိ ကျယ်ဝန်းသတဲ့။

ခံတပ်ကြီးရဲ့အပြင်နံရံက ထူထဲခိုင်ခန့်လှတဲ့ သစ်လုံးကြီးတွေ ပူးကပ်၊ စိတန်းစိုက်ထူထားတဲ့ သစ်လုံးတံတိုင်းကြီးကွယ့် ... ၁၇ ပေထိ မြင့်တယ်။

သစ်လုံးတံတိုင်းရဲ့ အတွင်းဘက်မှာ မြေကြီးတွေဖို့ပြီး မြေသား တံတိုင်းကြီးရှိတယ်။

မြေသားတံတိုင်းရဲ့အတွင်းဘက်မှာ အုတ်ချပ်တွေနှင့် အုတ် တံတိုင်းကြီးတစ်ခု တည်ဆောက်ထားပြန်သတဲ့။

သစ်လုံးတံတိုင်းနှင့် အုတ်တံတိုင်းကြားမှာ အလွန်တောင့်တင်း ခိုင်မာတဲ့ သစ်သားတန်းကြီးတွေ ကျားကန်ထားပြီး သစ်သားတန်း တွေပေါ်မှာ ကူးဖို့၊ သွားဖို့လမ်းတွေ လုပ်ပေးထားတယ်။

သစ်လုံးတံတိုင်းနှင့် အုတ်တံတိုင်းကြားမှာ အမြောက်ကြီးတွေ ၁၅၀ လောက်နေရာချထားသတဲ့ ...၊

ဒါတင်မကသေးဘူးကလေးတို့ရေ ...၊

ခံတပ်ကြီးရဲ့အပြင်ဘက်မှာ အလွန်ကျယ်တဲ့ကျုံးကြီးတူးထား ပြန်တယ်။

ကျုံးကြီးရဲ့အပြင်ဘက်မှာလည်း အလွန်နက်တဲ့ချိုင့်ကြီးတွေ၊ မြောင်းရှည်တွေတူးပြီး သံချွန်၊ သစ်ချွန်၊ ဝါးချွန်တွေ ထောင်ထား သေးတယ်။

ခံတပ်ကြီးရဲ့ရှေ့၊ ကိုက် ၅၀၀ စီခြားပြီး ရှေ့တန်းခံတပ်ငယ်နှစ်ခုလည်း ရှိသေးတယ်ကွယ့်။

ခံတပ်ကြီးနှင့်ခံတပ်ငယ်တွေကို မြေအောက်လမ်းနှင့်ဆက်သွယ်ရေးတူးမြောင်းတွေ ဖောက်ထားသတဲ့။

ဒီလိုအလွန်ကြီးကျယ်ခန့်ညားတဲ့ ခံတပ်ကြီးထဲမှာ စစ်သည်ရဲမက် ၁၅၀၀၀ လောက်ရှိသတဲ့ ...၊

တလေးတို့ရေ ...

မဟာဗန္ဓုလဟာ နေပြုံခံတပ်မရောက်မီ ရောဝတီမြစ်ရိုးတစ်လျှောက်မှာလည်း အင်္ဂလိပ်တွေကိုတိုက်ဖို့ တပ်တွေချထားတယ်။

အင်္ဂလိပ်ကလည်း ရေကြောင်းက စစ်သင်္ဘောတွေအပြင်ကုန်းပေါ်ကပါ တပ်နှင့်ချီတက်လာကြတယ်တဲ့။

ဒီလိုနှင့် နေပြုံခံတပ်ကြီးနှင့် နှစ်မိုင်လောက်အကွာထိ အင်္ဂလိပ်တပ်တွေ ရောက်လာတယ်။

တစ်ဖက်နှင့်တစ်ဖက် အဝေးကနေလှမ်းပြီး မြင်နေရပြီပေါ့ကွယ် ...၊

အဲဒီအချိန်မှာ အင်္ဂလိပ်ရေကြောင်းချီတပ်က ဗိုလ်မှူးချုပ်ကော်တွန်က မဟာဗန္ဓုလဆီကို လက်နက်ချဖို့နှင့်၊ လက်နက်မချရင် ပြင်းပြင်းထန်ထန် တိုက်ရလိမ့်မယ်လို့ စာပို့လိုက်သတဲ့။

စာဖတ်ပြီးတာနှင့် မဟာဗန္ဓုလက ချက်ချင်းပြန်စာရေးလိုက်တယ်။

"ကျွန်ုပ်တို့နှစ်ဦးစလုံးတာ ကိုယ့်နိုင်ငံအတွက် ကိုယ်တိုက်ခိုက်နေတာဖြစ်တယ်၊

အသင်၏ဂုဏ်သိက္ခာကို အသင်စိုးရိမ်သလို ကျွန်ုပ်ကလည်း ကျွန်ုပ်၏နိုင်ငံတော်ကို ခုခံကာကွယ်ရာမှာ တည်ငြိမ်မှုရှိကြောင်း အသင်တွေ့ရမှာဖြစ်တယ်။

မိတ်ဆွေအနေနှင့် နေပြည်ကိုလာလည်လိုပါက ကျွန်ုပ်ကိုယ်တိုင်လိုက်ပြပါ့မယ်။

ရန်သူအနေနှင့်လာလိုပါက ကုန်းပေါ်သို့တက်ခဲ့လော့ ..."

မဟာဗန္ဓုလရဲ့ပြန်စာမှာ မြန်မာဆိုတာ ဒီလိုလူမျိုးပါလို့ပြောလိုက်တာပဲကွယ့် ....၊

အင်္ဂလိပ်အာဏာပိုင်တွေနှင့် အင်္ဂလိပ်သမိုင်းဆရာတွေဟာ မဟာဗန္ဓုလရဲ့ပြန်စာကို အံ့ဩလေးစား မှတ်တမ်းတင်ထားကြသတဲ့။

အဲဒီနောက်မှာ ဗိုလ်မှူးချုပ်ကော်တွန်ဟာ ခနေမြူခံတပ်ကြီးကို တိုက်ခိုက်သိမ်းပိုက်ဖို့ ပြင်ဆင်တာပေါ့ကွယ် ...၊

ပထမခံတပ်ငယ်တိုက်ပွဲမှာ မြန်မာတပ်တွေ ရဲစွမ်းသတ္တိရှိရှိ၊ ဇာတိမာန်အပြည့်နှင့်တိုက်ပေမယ့် ဒုတိယခံတပ်ငယ်ထိ ဆုတ်ခဲ့ရတယ်ကွယ့် ...၊

အင်္ဂလိပ်တွေ ဒုတိယခံတပ်ငယ်ကိုလည်း အလွယ်တကူနှင့် ရမှာပဲလို့ တွက်ထားတယ်။

အမြောက်တွေ၊ သေနတ်တွေ အရစ်ပစ်ပြီး တက်လာတယ်။

မြန်မာတပ်က လုံးဝပစ်ခတ်မှုမပြုဘဲ ဝါးတစ်ရိုက်လောက်ထိကို ငြိမ်ငြိမ်သက်သက် စောင့်ကြည့်နေကြတယ်။ ဝါးတစ်ရိုက်အတွင်း ရောက်လာမှ စုပြုံပစ်ခတ်ပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြတယ်ကွယ့် ...၊

အင်္ဂလိပ်တပ်တွေ တပ်ပျက်ပြီး ဖရိုဖရဲနှင့်ထွက်ပြေးသွားကြရတယ် ...၊

ဗိုလ်မှူးချုပ်ကော်တွန်က ခနေမြူခံတပ်ကြီးကို မတိုက်ရသေးမီ၊ ခံတပ်ငယ်တိုက်ပွဲမှာပင် သူ့တပ်ဟာ စစ်ရှုံးပြီး ဆုတ်ခွာခဲ့ရကြောင်း အထက်ကို အစီရင်ခံလိုက်တယ် ...၊

အင်္ဂလိပ်တပ်ပေါင်းစု ဗိုလ်ချုပ်ကင်းဘဲ(လ်)ဟာ နောက်ဆုံးပေါ် ခေတ်မီသေနတ်တွေ၊ အမြောက်ကြီးတွေနှင့် ဒုံးကျည်တပ်တွေပါ အင်အားဖြည့်ပြီး မနုဖြူခံတပ်ကိုတိုက်ဖို့ ကြည်းကြောင်းကနေ ထပ်တက်လာကြသတဲ့။

ပြီးတော့ရေကြောင်း၊ ကြည်းကြောင်းနှစ်ဖက်ညှပ်ပြီး အမြောက်ကြီးတွေ၊ ဒုံးကျည်တွေနှင့် အပြင်းအထန်ပစ်ခတ်ကြတယ်။

မဟာဗန္ဓုလကလည်း ခံတပ်ကြီးကနေ အမြောက်ကြီးတွေနှင့် ကြောက်ခမန်းလိလိ ပြန်တိုက်တဲ့အပြင်ဆင်တပ်၊ မြင်းတပ်တွေ လွှတ်ပြီး ကုန်းပေါ်ကအင်္ဂလိပ်တွေကိုပါ ထွက်တိုက်စေသတဲ့ …၊

ကလေးတို့ရေ …၊

အင်္ဂလိပ်စစ်တပ်ဟာ နေဖြူခံတပ်ကြီးကို ခေတ်မီလက်နက်ကြီး တွေသုံးပြီး တစ်လနီးပါးတိုက်ခိုက်ခဲ့ရတယ်ကွယ့် …၊

အင်္ဂလိပ်တပ်တွေက ဧပြီလ(၂)ရက်နေ့ နံနက်လင်းတာနှင့် ထုံးစံအတိုင်း အမြောက်တွေ၊ ဒုံးကျည်တွေနှင့် ခံတပ်ကြီးထဲကို ဗုံးမိုးရွာသလို ပစ်ခတ်ကြပြန်တယ်…၊

ဒါပေမယ့် အရင်နေ့တွေလို နေဖြူခံတပ်ကြီးထဲက အမြောက် တွေနှင့် ပြန်မပစ်ဘူးတဲ့။

မိတ်ဆွေစာပေ

အခြေအနေကို အံ့သြပြီး စဉ်းစားမရဖြစ်နေတုန်း အရင်တိုက်ပွဲတွေတုန်းက မြန်မာတပ်က ဖမ်းမိထားတဲ့ အင်္ဂလိပ်စစ်သား အချို့ ခံတပ်ကြီး ထဲက ပြေးထွက်လာတာတွေ့ရသတဲ့ ...၊

သူတို့ပြောပြတော့မှ စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးပြီး မြန်မာတပ်တွေအားလုံး ဆုတ်ခွာသွားကြပြီဆိုတာ သိကြရသတဲ့ ...၊

ကလေးတို့ရေ ...၊

မြန်မာ့သားကောင်းအာဇာနည်၊ စစ်သူကြီးမဟာဗန္ဓုလဟာ မြန်မာတပ်တွေကို ကွပ်ကဲနေရင်း ၁၁၈၆ နှောင်းတန်ခူးလဆန်း (၁၄)ရက် (၁-၄-၁၈၂၅)၊ နံနက်(၁၀)နာရီခန့်မှာ အမြောက်ကျည်ဆံထိမှန်ပြီး ကျဆုံးခဲ့တာဖြစ်တယ်ကွယ့် ...၊

မဟာဗန္ဓုလသာ မကျဆုံးရင် အင်္ဂလိပ်တပ်တွေ လက်နက်ဘယ်လောက်ကောင်းကောင်း၊ ဘယ်လောက်တိုက်တိုက်၊ ခံတပ်ကြီးကို မရနိုင်ဘူး။

ခံတပ်ကြီးကို မရရင် မြန်မာမင်းရဲ့နေပြည်တော်ရောက်အောင် မတက်နိုင်ဘူးပေါ့ကွယ်။

ကလေးတို့ရေ ...

မဟာဗန္ဓုလဟာ

တောရွာလေးတစ်ရွာက ဆင်းရဲနွမ်းပါးတဲ့ မိဘနှစ်ပါးက မွေးတဲ့သူဖြစ်ပေမယ့် ...

ထက်သန်တဲ့ လုံ့လဝီရိယ၊ ကြီးမားတဲ့ ရဲစွမ်းသတ္တိကြောင့်

တိုင်းပြည်က အားကိုးအားထားရတဲ့ စစ်သူကြီးတစ်ယောက် အဖြစ် မြန်မာ့သမိုင်းမှာ မော်ကွန်းထိုး ခံလိုက်ရပြီကွယ် ...၊

ကလေးတို့လည်း ...

ကြီးကျယ်ခန်းနားတဲ့ သူရဲကောင်းကြီးတွေဖြစ်ပြီး အမိမြန်မာ နိုင်ငံတော်ကြီးနှင့် အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်နိုင် သူတွေဖြစ်ကြပါစေလို့ ဦးဦးဆုတောင်းလိုက်ပါတယ်။

*ကလေးတို့ကိုချစ်တဲ့*

*ဦးဦး*

*မောင်မှိုင်းညို (ချောင်းဦး)*